# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### တရားတို့နှင့် ပြည့်စုံအောင်အားထုတ်

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေး များ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်း များဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

**ယမကဝဂ်(ဓမ္မပဒ-၁၀)**


၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက် | ၂၀၁၉ ခုနှစ်၊ ဩဂုတ် ၂ ရက်၊ သောကြာနေ့ | အတွဲ (၅၈)၊ အမှတ် (၃၀၆)


# ဒုတိယသမ္မတ ဦးမြင့်ဆွေ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ (၁၀) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြား



**နေပြည်တော် ဩဂုတ် ၁**

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ (၁၀)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန့်စင်မောင်၊ ဦးသိန်းဆွေ၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဦးစိုးဝင်း၊ ဦးဟန်ဇော်၊ ဦးအုန်းမောင်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးအောင်ထူးနှင့် ဦးမောင်မောင်ဝင်း ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း၊ လုပ်ငန်းကော်မတီ (၅) ရပ်မှ ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ ၊ Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစက်မှု ကုန်ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**လုပ်ငန်းကော်မတီ (၅)ရပ်ကို ဖွဲ့စည်း**

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ က ယနေ့ကျင်းပပြုလုပ်သည့် အစည်းအဝေးသည် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ (၁၀) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကို ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်ပါကိစ္စရပ်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အတွက် နိုင်ငံတော်သမ္မတရုံးက ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၇၉/ ၂၀၁၆ ဖြင့် လုပ်ငန်းတာဝန် (၅)ရပ် ချမှတ်ကာ အဖွဲ့ဝင် ၂၀ ဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ ကော်မတီ၏ လုပ်ငန်းတာဝန်(၅)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဒုတိယဝန်ကြီး သုံးဦးနှင့် အမြဲတမ်းအတွင်းဝန် နှစ်ဦးတို့ ဦးဆောင်၍ လုပ်ငန်းကော်မတီ (၅)ရပ်ကို ဖွဲ့စည်းပြီး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

**ဆောင်ရွက်ဆဲရှိချက် အမြန်ပြီးပြတ်အောင် ဆောင်ရွက်**

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် ကျင်းပခဲ့ပြီး ၂၀၁၇ ခုနှစ်အတွင်း (၄)ကြိမ်၊ ၂၀၁၈ ခုနှစ်အတွင်း (၃)ကြိမ်နှင့် ၂၀၁၉ ခုနှစ်တွင် ယခုအကြိမ်အပါအဝင် (၂)ကြိမ်၊ စုစုပေါင်း (၁၀) ကြိမ် ကျင်းပခဲ့ပါကြောင်း၊ ပထမအကြိမ်မှ နဝမအကြိမ်အထိ အစည်းအဝေးဆုံးဖြတ်ချက် စုစုပေါင်း ၇၇ ချက်တွင် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအချက် ၆၉ ချက်နှင့် ဆောင်ရွက်ဆဲ ရှိချက်ရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ ဆောင်ရွက်ဆဲ ရှိချက်ကိုလည်း အမြန်ပြီးပြတ်အောင် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများက အချိန်ကာလသတ်မှတ်၍ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

*စာမျက်နှာ ၃ ကော်လံ ၁* ❋

### အမှာစကား ပြောကြား

ဒုတိယသမ္မတ ဦးမြင့်ဆွေ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ (၁၀) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

သတင်းစဉ်



### ရခိုင်ပြည်နယ်အစိုးရအနေနဲ့ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်နေပါတယ်

တွေ့ဆုံမေးမြန်း | စာ » ၁၀

### မြောက်ကိုရီးယားက သတိပေးနေသော်လည်း အမေရိကန်နှင့် တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မှု ဆက်လက်လုပ်ဆောင်

နိုင်ငံတကာသတင်း | စာ » ၁၄


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# အပြုသဘောဆောင်မှ ရလဒ်ကောင်းနိုင်

မြန်မာနိုင်ငံတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ကြိုးပမ်းဆောင်ရွက်နေရချိန်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်ဖြင့် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထုတ်ရုန်းကန်နေရချိန်တွင် အခက်အခဲများ၊ စိန်ခေါ်မှုများတို့ကိုလည်း တစ်ပြိုင်တည်းဆိုသလိုပင် ရင်ဆိုင်ဖြေရှင်းနေရသည်။ တစ်နည်းအားဖြင့် မိမိတို့နိုင်ငံတွင် အခက်အခဲများကို ကြုံတွေ့နေရချိန်ဖြစ်သည်။

ယင်းသို့သော အခြေအနေတွင် မိတ်ကောင်းဆွေကောင်းတို့၏ ကူညီမှု၊ အားပေးမှုများက မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး နှလုံးစိတ်ဝမ်း ချမ်းမြေ့ဖွယ်ရာ ဖြစ်ရသည်။ နားလည်စာနာမှုများနှင့် အပြုသဘောဆောင်သော ထောက်ပံ့ကူညီမှုများကသာ ကောင်းမွန်သည့် ရလဒ်များကို ထွက်ပေါ်လာစေမှာ ဖြစ်သည်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာတာရိုခိုနို၏ ဇူလိုင် ၃၁ ရက်က မြန်မာနိုင်ငံသို့ လာရောက်သည့် တစ်ရက်တာ ခရီးစဉ်အတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်း အရေးနှင့် ပတ်သက်၍ "မြန်မာနိုင်ငံတွင် ခက်ခဲသည့်အခြေအနေများကို ကြုံတွေ့နေသည့်အချိန် ဖြစ်သည့်အတွက် ဂျပန်နိုင်ငံက သမိုင်းဝင်မိတ်ဆွေနိုင်ငံ တစ်နိုင်ငံအနေဖြင့် အတူစဉ်းစားသုံးသပ်ပြီး ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံထူထောင်ရေးအတွက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းမှုက မဖြစ်မနေလိုအပ်ပါကြောင်း၊ ဂျပန်နိုင်ငံက မြန်မာနိုင်ငံသူ နိုင်ငံသားများအတွက် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်မှုကို တတ်နိုင်သမျှ အားပေးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း" ပြောကြားခြင်းဖြင့် မိတ်ကောင်းဆွေကောင်းနိုင်ငံတစ်ခု၏ ရပ်တည်မှုနှင့် အားပေးကူညီမှုတို့ကို ဖော်ညွှန်းခဲ့သလို "မြန်မာအစိုးရက ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ရောက်ရှိနေသည့် နေရပ်စွန့်ခွာသူများ ပြန်လာနိုင်ရေးအတွက် ဖန်တီးဆောင်ရွက်နေသည်ကို ဂျပန်နိုင်ငံအစိုးရက တန်ဖိုးထားပါကြောင်း၊ မြန်မာအစိုးရက လွတ်လပ်သည့်စုံစမ်းစစ်ဆေးရေးအဖွဲ့အပါအဝင် ဆောင်ရွက်ချက်များကို ပိုမိုအဆင့်မြှင့်တင်ပြီး နေရပ်စွန့်ခွာသူများ ပြန်လာနိုင်ဖို့ကို မျှော်လင့်ပါကြောင်းဟူသော ပြောကြားချက်က မြန်မာနိုင်ငံအပေါ် အပြုသဘောဆောင်မှုနှင့် နားလည်စာနာမှုတို့ကို ပြသခဲ့ခြင်းလည်း ဖြစ်သည်။

ယင်းနေ့မှာပင် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူက မလေးရှားနိုင်ငံ ဝန်ကြီးချုပ်၏ မကြာသေးမီက သတင်းမီဒီယာများနှင့်တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ပြောကြားခဲ့မှုအပေါ် ကန့်ကွက်ပြောကြားခဲ့သည်။ မလေးရှားနိုင်ငံ ဝန်ကြီးချုပ်က မြန်မာနိုင်ငံအစိုးရအနေဖြင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား နိုင်ငံသားပေးသင့်ကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေပေးသင့်ကြောင်းနှင့် မြန်မာနိုင်ငံတွင် အစုလိုက်အပြုံလိုက် လူမျိုးတုံးသတ်ဖြတ်မှုများဖြစ်ပေါ်နေကြောင်း ပြောကြားခဲ့ခြင်းကို ကန့်ကွက်ခဲ့ခြင်းလည်း ဖြစ်သည်။

မြန်မာနှင့်မလေးရှားတို့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့်အတွက် ဒေသတွင်း အဖွဲ့အစည်းတစ်ခု၏ မိသားစုဝင်များပင် ဖြစ်သည်။ ဒေသတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရန်၊ ငြိမ်းချမ်းမှုကို လိုလားသည့် အလေ့အထများ ပိုမိုခိုင်မာရန် ရည်ရွယ်၍ ဖွဲ့စည်းထားသည့် အာဆီယံအဖွဲ့အစည်းကြီး၏ အခြေခံမူများတွင် အဖွဲ့ဝင် နိုင်ငံအားလုံး၏ လွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ တန်းတူရည်တူရှိမှု၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အမျိုးသားရေးလက္ခဏာများကို လေးစားလိုက်နာရန်၊ အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်မှု မပြုလုပ်ရန်ဟူသောအချက်များ ပါဝင်သည်။

နိုင်ငံတကာမီဒီယာများ၏ အဆိုးမြင်ပုံဖော်မှုများနှင့်အတူ တစ်ကမ္ဘာလုံးက အာရုံစိုက်နေကြသည့် ရခိုင်ပြည်နယ်မြောက်ပိုင်းမှ နေရပ်စွန့်ခွာသူများအရေးသည် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဖြေရှင်းကြရမည့် ပြဿနာဖြစ်သည်။ နိုင်ငံတစ်နိုင်ငံအစိုးရအဖွဲ့တစ်ရပ်၏ အကြီးအကဲတစ်ဦးအနေဖြင့် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခု၏ ပြည်တွင်းရေးရာကိစ္စရပ်တို့အပေါ်တွင် ဘာလုပ်သင့်ကြောင်း၊ ဘယ်သို့လုပ်သင့်ကြောင်း စသည့်ဘောင်ကျော်စွက်ဖက်ပြောဆိုမှုမျိုးကို မည်သည့်နိုင်ငံကမျှ လက်ခံမည်မဟုတ်ပေ။ ထို့အပြင် အထောက်အထားမခိုင်မာသော၊ မရေမရာ တစ်ဖက်သတ် စွပ်စွဲပြောကြားမှုများကလည်း မိတ်ကောင်းဆွေကောင်းတို့၏ အပြုအမူမျိုးမဟုတ်ပေ။ ရခိုင်ပြည်နယ်အရေးသည် မြန်မာနိုင်ငံအနေဖြင့် မိမိနိုင်ငံ့အရေးသာဖြစ်သည့်အလျောက် ရေရှည်တည်တံ့သော အဖြေတစ်ရပ်ရရှိနိုင်ရန် ကိုယ်တိုင်အားထုတ်ကြိုးပမ်းမှု၊ မိတ်ဆွေစစ်မိတ်ဆွေမှန်တို့၏ ကူညီအားပေးမှုများဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။ ။

## ပဲခူးတိုင်းဒေသကြီးအတွင်း နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်နိုင်ရေး ဂျပန်လုပ်ငန်းရှင်များ လာရောက်ကမ်းလှမ်း

**ပဲခူး ဩဂုတ် ၁**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းအား ယမန်နေ့က တိုင်းဒေသကြီးအတွင်း နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်နိုင်ရေးအတွက် ဂျပန်နိုင်ငံ အခြေစိုက် Nobels Group မှ Planning Manager, Mr. Yoshiki Ishizuka နှင့် High Castle Co., Ltd. Managing Director ဦးဇော်လွင်သန်းတို့ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့မှ လာရောက်တွေ့ဆုံသည်။



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ဂျပန်နိုင်ငံလုပ်ငန်းရှင်များအား လက်ခံတွေ့ဆုံစဉ်။

ရှေးဦးစွာ Mr. Yoshiki Ishizuka က မိမိတို့ကုမ္ပဏီသည် ဂျပန်နိုင်ငံတွင် အကြီးဆုံး နွားမွေးမြူရေး၊ အသားနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်း အရသာကောင်းပြီး ကျန်းမာရေးအတွက် အထောက်အကူပြုသော နို့နှင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်ရန် ရည်ရွယ်ကြောင်း၊ နွားမွေးမြူရေးမှ ထွက်ရှိသည့် အညစ်အကြေးများဖြင့် Bio Gas ဖြင့် လျှပ်စစ်ထုတ်ကာ ကျေးရွာမီးလင်းရေးများ ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ဒေသခံပြည်သူများအတွက်လည်း နွားစာအဖြစ် ပြောင်းစိုက်ပျိုးခြင်းဖြင့် ခိုင်မာသော ဈေးကွက်နှင့် ဝင်ငွေတိုးတက် ရရှိနိုင်မည်ဖြစ်ကြောင်း၊ ပထမဆုံးအကြိမ် သြစတြေးလျမှ နွားကောင်ရေ ၅၀၀ အား တင်သွင်းမွေးမြူမည်ဖြစ်ကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှု တန်ဖိုးအမေရိကန်ဒေါ်လာ ကိုးသန်းခန့် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ် ဦးဝင်းသိန်းက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုများပြားဝင်ရောက်လာမှုသည် တိုင်းပြည်ဝင်ငွေ တိုးတက်စေကြောင်း၊ ပြည်ပမှ တင်သွင်းရသည့် နို့နှင့် နို့ထွက်ပစ္စည်းများကို ပြည်တွင်းမှာသာ ထုတ်လုပ်မည်ဖြစ်၍ သွင်းကုန်တန်ဖိုးလျှော့ချနိုင်မည်ဖြစ်ပြီး ပြည်သူများအတွက်လည်း ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်မည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် အလုပ်လုပ်ရန်သာ လိုအပ်မည်ဖြစ်ပြီး မိမိတို့အစိုးရအဖွဲ့မှလည်း လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မည့် အသေးစိတ်အချက်အလက်များ တင်ပြရန် လိုဖြစ်ကြောင်း ပြောကြားသည်။ **ဟိန်းထက် (ပဲခူး)**

## ကချင်ပြည်နယ်အတွင်း တစ်သျှူးငှက်ပျောစိုက်ပျိုးမှုကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု မဖြစ်ပေါ်ရေး ဆောင်ရွက်မည်

**မြစ်ကြီးနား ဩဂုတ် ၁**

ကချင်ပြည်နယ်အတွင်း တစ်သျှူးငှက်ပျောစိုက်ပျိုးရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာနဆိုင်ရာများက ဌာနအလိုက် ထုတ်ပြန်ထားသည့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ လိုက်နာခြင်း ရှိမရှိ စနစ်တကျ ကြီးကြပ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ တစ်သျှူးငှက်ပျောစိုက် လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆွေးနွေးပွဲမှ သိရသည်။

ဆွေးနွေးပွဲတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ရဲမြင့်ဆွေက တစ်သျှူးငှက်ပျောစိုက်ပျိုးခြင်းသည် အကျိုးအမြတ်များစွာ ရရှိသလို တစ်ဖက်တွင်လည်း ငှက်ပျောစိုက်ပျိုးခြင်းကြောင့် မြေဆီလွှာအရည်အသွေးကျဆင်းခြင်း၊ တချို့နေရာများတွင် ရေအရင်းအမြစ်ဆုံးရှုံးနိုင်ခြင်း၊ စိုက်ပျိုးမြေရရှိရန် တောရှင်းခုတ်ထွင်ရသည့်အတွက် သစ်တောပြုန်းတီးမှုများ ဖြစ်ပေါ်စေကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်သကဲ့သို့ လူမှုပတ်ဝန်းကျင်ကိုလည်း ထိခိုက်နိုင်ကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ထိခိုက်မှုများ ရှောင်ရှားနိုင်ရန်အတွက် ဥပဒေလုပ်ထုံးလုပ်နည်းဖြင့် စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းရှင်များက ပူးပေါင်းဆောင်ရွက်ရန် လိုကြောင်း ပြောကြားသည်။




ကချင်ပြည်နယ်အတွင်း တစ်သျှူးငှက်ပျောစိုက်လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပစဉ်။

ထို့အပြင် ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးဒါရှီလဆိုင်းက စိုက်ခင်းအတော်များများ တရားမဝင်ဖြစ်နေပြီး တရားမဝင်သည့် လုပ်ငန်းရှင်များအပေါ် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်နေသည့်နေရာတွင် စနစ်တကျ ဖိတ်ခေါ်နေခြင်းဖြစ်သည့်အတွက် ပူးပေါင်းပါဝင်ပြီး လာရောက်ကြရန် ကမ်းလှမ်းလိုကြောင်း၊ ယခုလိုဆက်သွားနေမည်ဆိုလျှင် မိမိတို့အစိုးရအဖွဲ့အနေဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ပြောကြားသည်။

လက်ရှိအချိန်တွင် ပြည်နယ်အတွင်း တစ်သျှူးငှက်ပျောစိုက်ပျိုးမှု အနေဖြင့် အစိုးရအဖွဲ့၏ စာရင်းကောက်ယူမှု မှတ်တမ်းအရ မြစ်ကြီးနားခရိုင်အတွင်း မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်တို့တွင် ဧကပေါင်း ၅၁၂၁၆ ဧက၊ ဗန်းမော်ခရိုင်အတွင်း ဗန်းမော်၊ ရွှေကူ၊မိုးမောက်၊ဒေါ့ဖုန်းယန်မြို့နယ်တို့တွင် ဧကပေါင်း ၁၂၄၇၀ ရှိပြီး တရားဝင်ကုမ္ပဏီတစ်ခုသာရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ယုဇနမြို့တော်ဈေးရုံ မကြာမီ ဖွင့်လှစ်မည်

**ရန်ကုန် ဩဂုတ် ၁**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စစ်တောင်းရိပ်မွန်အိမ်ရာ၊ (၉၂)ရပ်ကွက် ပိတောက်ကွေ့လမ်းမဘေးရှိ ယုဇနမြို့တော် မြေပြင်ဈေးရုံ ဆောက်လုပ်ပြီးစီး၍သတ်မှတ်ထားသည့် A မှ H အထိ အတန်းလိုက် ဆိုင်ခန်းတစ်ခန်းလျှင် ခြောက်ပေပတ်လည် မြေပြင်ဆိုင်ခန်းအလိုက် စုစုပေါင်းဆိုင်ခန်းပေါင်း ၇၃၀ ခန့် ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်(၂) ဦးဇော်တင်ထံမှ သိရသည်။

အဆိုပါ မြေပြင်ဈေးရုံထဲသို့ ဈေးသည်များ ဈေးရောင်းချနိုင်ရေးအတွက် (၉၄) ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော် ကံ့ကော်လမ်းမရှည်ကြီးရှိ လမ်းဘေးဝဲယာတစ်လျှောက်တွင် တရားမဝင်ကျူးကျော်ဈေးသည်များ ဈေးရောင်းချလျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်(၂)နှင့် စည်ပင်ဝန်ထမ်းများ၊ သက်ဆိုင်ရာဌာနမှ ဝန်ထမ်းများပါဝင်သော အဖွဲ့ဝင်များ ကွင်းဆင်း၍ ကျူးကျော်ဈေးသည်များကို တရားဝင် ဈေးရုံအတွင်းသို့ ဈေးရောင်းချနိုင်ရေးအတွက် ဈေးသည် ၇၀၀ နီးပါးခန့်ကို ဈေးသည်တစ်ဆိုင်ချင်း၊ တစ်ဦးချင်းစီအလိုက် စာရင်းများကို မှတ်တမ်းကောက်ယူခဲ့ကြောင်း သိရသည်။

သက်ဆိုင်ရာဌာနများက လုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်ချက်များကို စီစဉ်ဆောင်ရွက်ပြီးစီးပါက ဈေးရုံကို မကြာမီ ဖွင့်လှစ်ပေးတော့မည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဝင်းက ပြောသည်။

**ကျင်မောင်(ဒဂုံမြို့သစ်ဆိပ်ကမ်း)**

## တစ်လလျှင် သိန်း ၅၀ ပေးသွင်းရုံဖြင့် ရင်းနှီးမြှုပ်နှံနိုင်မည့် Laya Resort အရောင်းပြပွဲ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁**

ထိုင်းနိုင်ငံ ဖူးခက်ကမ်းခြေရှိ Laya Resort ကို တစ်လလျှင် ငွေကျပ် သိန်း ၅၀ ပေးသွင်းရုံဖြင့် ရင်းနှီးမြှုပ်နှံနိုင်မည့် Laya Resort အရောင်းပြပွဲ ကျင်းပမည်ဖြစ်ကြောင်း အိုင်မြန်မာ ဟောက်ဒေ့ါကွန်းမှ သိရသည်။

အဆိုပါ အရောင်းပြပွဲကို အိုင်မြန်မာ ဟောက်ဒေ့ါကွန်းနှင့် United Fortune Co., Ltd. တို့ ပူးပေါင်း၍ ဩဂုတ် ၃ ရက်နှင့် ၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကန်သာယာစင်တာ Wyndham Grand Yangon Hotel ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သူရိန်ကျော်**

# ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး / ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်



ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း



ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်



ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်

❇ *ရှေ့ဖုံးမှ*

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ကုန်သွယ်မှုကဏ္ဍသည် အရေးကြီးသည့် အခန်းကဏ္ဍတွင် တည်ရှိပြီး အဆိုပါ ကုန်သွယ်မှုကဏ္ဍတွင် ပုဂ္ဂလိကကဏ္ဍသည် ၈၀ ရာခိုင်နှုန်းကျော် ပါဝင်နေသည်ကို တွေ့ရှိရပါကြောင်း၊ အဆိုပါ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် ပုံမှန်တွေ့ဆုံကာ ၎င်းတို့၏ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုအချိန်အထိ ၂၈ ကြိမ်တွေ့ဆုံခဲ့ပြီး အဆိုပါတွေ့ဆုံပွဲများတွင် စီးပွားရေးလုပ်ငန်းရှင်များ၏ တင်ပြချက် စုစုပေါင်း ၃၅၃ ချက်ကိုလည်း ဖြေရှင်း ဆောင်ရွက်ပေးခြင်း၊ အကြောင်းပြန်ကြားပေးခြင်း ပြုလုပ်ပြီးဖြစ်ပါကြောင်း။

**ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး**

အဆိုပါပြန်ကြားချက်များအနက် အချို့အချက်များသည် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် သက်ဆိုင်နေသည့်အတွက် အဆင့် ၂ ဆင့် / ၃ ဆင့်အထိ ဆောင်ရွက်ရမည်ဖြစ်သဖြင့် အချိန်ယူ၍ ဆောင်ရွက်ရမည့် လုပ်ငန်းများလည်း ပါဝင်ပါကြောင်း၊ ထို့အပြင် အချို့အချက်များသည် လုပ်ငန်းကော်မတီ (၅) ရပ်မှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံကာ ဆွေးနွေးပွဲများ ပြုလုပ်၍ လုပ်ငန်းပြီးပြတ်သည်အထိ အဆင့်ဆင့် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်မှုများသည် ထိုက်သင့်သလောက် အောင်မြင်မှုရရှိနေသည်ကို အားလုံး အသိပင် ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး / ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှသာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးမှုကို များစွာအကျိုးသက်ရောက်နိုင်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ စီးပွားရေးကို အဟန့်အတားဖြစ်စေမည့်အချက်တစ်ချက်မှာ "တရားမဝင် ကုန်သွယ်မှုကဏ္ဍ"ဖြစ်ပါကြောင်း၊ "တရားမဝင်ကုန်သွယ်မှုကဏ္ဍ" အင်အားကြီးနေသည်နှင့်အမျှ "တရားဝင်လုပ်ကိုင်သည့်လုပ်ငန်းများ" ကို အဟန့်အတားဖြစ်စေပါကြောင်း၊ နယ်စပ်ဒေသများမှ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်လာမှုကြောင့် "အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ" ရပ်တည်ရန် ခက်ခဲလာနိုင်သဖြင့် တရားမဝင် ကုန်ပစ္စည်းများကို တားဆီးထိန်းချုပ်နိုင်ရေးအတွက် **"တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ"** ကို နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၉ ခုနှစ်၊ ဇွန် ၂၅ ရက်တွင် လုပ်ငန်းတာဝန် (၁၃) ရပ် ချမှတ်ကာ အဖွဲ့ဝင် ၄၀ ဖြင့် ဖွဲ့စည်းပေးထားပြီးဖြစ်ပါကြောင်း၊ ထို့အပြင် နယ်စပ်ဒေသနှင့် ထိစပ်လျက်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခုတွင် တရားမဝင်ကုန်ပစ္စည်းများကို တားဆီးထိန်းချုပ်နိုင်ရေးအတွက် အထူးအဖွဲ့များ ဖွဲ့စည်းပြီး ဖမ်းဆီးအရေးယူခဲ့ရာ ၂၀၁၉ ခုနှစ် ဇွန်လအထိ ဖမ်းဆီးအရေးယူမှု ၆၆၉ ကြိမ်၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၈၂၈ ဘီလီယံ ဖမ်းဆီးနိုင်ခဲ့ပါကြောင်း။

**အထောက်အကူပြုအဖွဲ့ ၁၀ ဖွဲ့**

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ နိုင်ငံတကာတွင် ဆောင်ရွက်သကဲ့သို့ အဆင်ပြေချောမွေ့စေရန်၊ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ဆောင်နိုင်မှုအဆင့်များ တိုးတက်လာစေရန်နှင့် ဝန်ကြီးဌာနများအချင်းချင်း ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက် "Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့" ကို လုပ်ငန်းတာဝန်(၁၂) ချက် ချမှတ်ကာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်၍ ၁၄ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါလုပ်ငန်းအဖွဲ့အောက်တွင် ညွှန်းကိန်း တစ်ခုချင်းအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အထောက်အကူပြုအဖွဲ့ ၁၀ ဖွဲ့ကို ထပ်မံဖွဲ့စည်းခဲ့ပြီး လုပ်ငန်းများကြိုးစားဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသည့်အတွက် အသိအမှတ်ပြုပါကြောင်း။

လာမည့် ၂၀၂၀ ခုနှစ်တွင် ထုတ်ပြန်မည့် Doing Business အစီရင်ခံစာအတွက် လိုအပ်သည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် (Reform Action Plan) များကိုလည်း သက်ဆိုင်ရာကဏ္ဍအလိုက် ညွှန်းကိန်းများမှ ပြုပြင်ပြောင်းလဲမည့်အချက်သုံးခု ဆောင်ရွက်သွားရန် သတ်မှတ်ညွှန်ကြားခဲ့သည့်အတွက် ယခုဆိုလျှင် သက်ဆိုင်ရာ ညွှန်းကိန်းများမှ ပြုပြင်ပြောင်းလဲမည့် အချက် စုစုပေါင်း ၄၀ တင်ပြလာပါကြောင်း၊ အဆိုပါ ပြုပြင်ပြောင်းလဲမည့်အချက်များကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းကာ အမြန်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

**ခေတ်မီနည်းစနစ်များကို အသုံးပြု**

သို့မှသာ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်ရေး၊ သိုလှောင်ရုံ ဆောက်လုပ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ချေးငွေရရှိရေး၊ အခွန်ပေးဆောင်ရေး စသည့်ကိစ္စရပ်များကို အချိန်တိုအတွင်း ကုန်ကျစရိတ်အနည်းဆုံးဖြင့် လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ၎င်းအပြင် Ease of Doing Business Ranking တိုးတက်ရေးအတွက် ဆက်စပ်သည့်ဌာနများအားလုံးအနေဖြင့် ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒများကို ခေတ်အလိုက် လိုအပ်ချက်များနှင့်အညီ ပြုပြင်ပြောင်းလဲပြီး လုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးအတွက် ခေတ်မီနည်းစနစ်များကို အသုံးပြု၍ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်သွားစေလိုပါကြောင်း။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် Ease of Doing Business Ranking တိုးတက်စေရေးအတွက် ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ လုပ်ငန်းကော်မတီ(၅)ရပ်မှ တာဝန်ရှိသူများ၊ Ease of Doing Business Ranking တိုးတက်စေရေးလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် လိုအပ်သည့်အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

**တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်မှု မရှိရေး**

ထို့နောက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ဖြစ်ထွန်းလာရန်အတွက် ဆောင်ရွက်နေမှုအခြေအနေများ၊ ပြည်ပနိုင်ငံများသို့ စီးပွားရေးသံမှူးများ စေလွှတ်ထားရှိမှုအခြေအနေ၊ ပို့ကုန်ကဏ္ဍ တိုးမြှင့်ဆောင်ရွက်နေမှုအခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုများအပေါ် ဖြေလျှော့မှုဆိုင်ရာကိစ္စရပ်များနှင့် တရားမဝင်ကုန်ပစ္စည်းများဝင်ရောက်မှုမရှိစေရေး တားဆီးဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး၊ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုး က ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့် က "အခြေခံလူသားအရင်းအမြစ် တည်ဆောက်ရေးလုပ်ငန်းကော်မတီ" နှင့် စပ်လျဉ်း၍ လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က "ငွေကြေး ရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ" နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်က "ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ဝန်းကျင်တိုးတက်ကောင်းမွန်စေရေး လုပ်ငန်းကော်မတီ" နှင့်စပ်လျဉ်း၍လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက "ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီ" နှင့်စပ်လျဉ်း၍ လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်က "စီးပွားရေးနှင့် ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများတွင် နိုင်ငံ၏အခန်းကဏ္ဍအား ပြန်လည်ရေးဆွဲရေး လုပ်ငန်းကော်မတီ" နှင့် စပ်လျဉ်း၍လည်းကောင်း လုပ်ငန်းကော်မတီများအလိုက် ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

**လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းနိုင်ရေး**

ထို့နောက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် က ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးအပိုင်းတွင် ပုဂ္ဂလိကကဏ္ဍမှ ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း က အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများသို့ ဘဏ်ချေးငွေ ဆောင်ရွက်ပေးနေမှု အခြေအနေနှင့် အခွန်ကောက်ခံမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် က ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးနှင့်သက်ဆိုင်သည့် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းနိုင်ရေးအတွက် ဥပဒေပိုင်းဆိုင်ရာ အကြံပြုချက်များကို ဆောင်ရွက်ပေးနေမှုအခြေအနေများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ က Ease of Doing Business Ranking ညွှန်းကိန်းများ တိုးတက်ရေးအတွက် ဝန်ကြီးဌာနအတွင်း ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလူသားအရင်းအမြစ် ပြုစုပျိုးထောင်မှု အခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းက စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရာတွင် Financial Sector ၏ အရေးပါမှုနှင့် ချေးငွေများ ထုတ်ချေးပေးနေသည့် အခြေအနေများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း က ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ချေးငွေရရှိရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း အကြံပြုဆွေးနွေးကြသည်။

**ပြုပြင်ပြောင်းလဲမှုများနှင့် လုပ်ငန်းစဉ်များ**

ယင်းနောက် Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးက Doing Business ၂၀၂၀ ခုနှစ် အစီရင်ခံစာအတွက် အညွှန်းကိန်းအလိုက် ဆောင်ရွက်မည့် ပြုပြင်ပြောင်းလဲမှုများနှင့် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ပုဂ္ဂလိကကဏ္ဍဖွံ့တိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်စကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အိန္ဒိယသမ္မတနိုင်ငံ ဗာရာဏသီမြို့အနီး မိဂဒါဝုန်ဥယျာဉ်ရှိ အထင်ကရ ဗုဒ္ဓဝင်နေရာများအား ဖူးမြော်ကြည်ညို



ခါတ်တော်တိုက်ဆရာတော်ထံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က အလှူငွေများ ပေးအပ်လှူဒါန်းရာ ဆရာတော်က ဓမ္မလက်ဆောင် ပြန်လည်ချီးမြှင့်စဉ်။

ဓာတ်ပုံ- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

နေပြည်တော် ဩဂုတ် ၁

**အိန္ဒိယသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီးဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များနှင့် အတူ ယမန်နေ့နံနက်ပိုင်းတွင် ဗာရာဏသီမြို့အနီးရှိ မြတ်စွာဘုရားရှင်အား ပဥ္စဝဂ္ဂီငါးဦးတို့မှ ခရီးဦးကြိုသည့်နေရာတွင် အထိမ်းအမှတ်အဖြစ်တည်ထားသည့် ချောက်ခဏ္ဍီစေတီတော်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။**

ထို့နောက် မိဂဒါဝုန်ဥယျာဉ်အတွင်းရှိ ဓမ္မရာဇိကစေတီတော်၊ ဓမ္မေခစေတီတော်၊ မိဂဒါဝုန်ဥယျာဉ်အနီး သီရိလင်္ကာနိုင်ငံမှ တည်ထားကိုးကွယ်သည့် ဓာတ်တော်တိုက်တို့အား သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီး၊ ရွှေသင်္ကန်းများ ကပ်လှူပူဇော်သည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ဓာတ်တော်တိုက်ဆရာတော်ထံ အလှူငွေများ ပေးအပ်လှူဒါန်းကာ ဓာတ်တော်တိုက် ပရိဝုဏ်အတွင်းရှိ မြတ်စွာဘုရားမှ ပဥ္စဝဂ္ဂီငါးဦးအား ဓမ္မစကြာတရားဦး ဟောကြားနေသည့် ရုပ်ပွားတော်များကို ဖူးမြော်ကြည်ညိုကြသည်။

**နေ့ဆွမ်းဆက်ကပ်လှူဒါန်း**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဗာရာဏသီမြို့အတွင်းရှိ ဆေးဝက်ပါ မြန်မာကျောင်းတိုက်သို့ ရောက်ရှိကြပြီး ဆရာတော် ဒေါက်တာဘဒ္ဒန္တမဏ္ဍလထံမှ ငါးပါးသီလခံယူဆောက်တည်၍ သံဃာတော်များအား ဝါဆိုသင်္ကန်း၊ နဝကမ္မ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ဗာရာဏသီမြို့ရှိ စာသင်သားသံဃာတော်များနှင့် သာသနာ့အနွယ်ဝင်သီလရှင်များအား နဝကမ္မ အလှူငွေများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဗာရာဏသီမြို့ရှိ 39 Gorkha Training Centre (GTC) ကျောင်းသို့ ရောက်ရှိပြီး မီတာ ၅၀၀ စက်ပစ်ကွင်းအတွင်း သင်တန်းသားများ၏ လက်နက်ငယ်ပစ်ခတ်လေ့ကျင့်မှုအား Dronacharya Fire Control Centre မှ ကြည့်ရှုလေ့လာကြကာ သင်တန်းသားများ၏ ဂေါ်ရခါးဓားဖြင့် တိုက်ခိုက်ရေး စွမ်းရည်သရုပ်ပြပွဲအား ကြည့်ရှုအားပေးကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

---

## မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်းက ကြီးမှူးပြီး ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁**

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်းမှ ကြီးမှူးပြီး ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၂) ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟ အသင်း(ဗဟို)ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေက အဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် အသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာရဲအောင်က အမှာစကား ပြောကြားပြီး အထက(၁)မရမ်းကုန်း ခေတ္တကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ရွှေက ကျေးဇူးတင်စကားပြောကြားကာ ဒုတိယဥက္ကဋ္ဌ ဒေါက်တာရဲအောင်က ယဉ်ကျေးလိမ္မာသင်ကြားရေး စာအုပ်များကို ပေးအပ်လှူဒါန်းသည်။


ယခုဖွင့်လှစ်သည့် ယဉ်ကျေးလိမ္မာသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၀၀၀ ကျော် တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်းမှ ကြီးမှူးပြီး ၂၀၁၉ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ယဉ်ကျေးလိမ္မာသင်တန်း ၈၉ ကြိမ် ဖွင့်လှစ်ပို့ချနိုင်ခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်မှစတင်ကာ နှစ်စဉ် ယဉ်ကျေးလိမ္မာသင်တန်းများကို ပို့ချပေးခဲ့ရာ သင်တန်းနည်းပြ ဆရာ ဆရာမ ဦးရေ ၁၈၀၀ ခန့်မွေးထုတ်ပေးနိုင်ခဲ့ပြီး သင်တန်းဆင်း ဆရာ ဆရာမများက တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့တွင် ကျောင်းပိတ်ရက်များ၌ သာသနာနုဂ္ဂဟအသင်းဗဟို၏ ကူညီပံ့ပိုးမှုဖြင့် ယဉ်ကျေးလိမ္မာသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။ **လင်းလင်း**





---



မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ အတ္ထရံမြစ်ကူး(စံပယ်ဂူ)တံတား တည်ဆောက်မည့်ပုံစံကို ကြည့်ရှုစဉ်။

## မွန်ပြည်နယ်ဝန်ကြီးချုပ် အတ္ထရံမြစ်ကူး (စံပယ်ဂူ)တံတား တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေး

**မော်လမြိုင် ဩဂုတ် ၁**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ စည်ပင်သာယာရေးနှင့်ဆောက်လုပ်ရေးဝန်ကြီး ဦးမင်းကျော်လွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇူလိုင် ၃၁ ရက် မွန်းလွဲ ၂ နာရီက ကျိုက်မရောမြို့နယ် အတ္ထရံမြစ်ကူး (စံပယ်ဂူ)တံတား တည်ဆောက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့အား တံတားရှင်းလင်းဆောင်တွင် အတ္ထရံမြစ်ကူး(စံပယ်ဂူ)တံတားတည်ဆောက်ရေး တံတားအထူးအဖွဲ့ (၁၄)မှ တာဝန်ရှိသူများက တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ တံတားချဉ်းကပ်လမ်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးချုပ်က သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း ကဏ္ဍအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများအား အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန်နှင့် လာမည့်ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်ရန် ကျန်ရှိသည့်လုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။

အတ္ထရံမြစ်ကူး(စံပယ်ဂူ)တံတားသည် သံမဏိသံပေါင်ခုံးတံတား၊ သံကူကွန်ကရစ်ကိုယ်ထည်တံတား အမျိုးအစားဖြစ်ပြီး တံတားအရှည်မှာ ၆၄၄ ဒသမ ၁ မီတာ (၂၁၁၃ ပေ ၂ လက်မ) ခန့်ရှိရာ တံတားတစ်စင်းလုံးပြီးစီးမှုမှာ ၁၈ ရာခိုင်နှုန်းရှိကြောင်း တံတားအထူးအဖွဲ့ (၁၄)မှ သိရသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျိုက်မရောမြို့ဈေးတည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြည်နယ်ဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၃၅/ ၂၀၁၉**
**၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်**
**(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)**

**ပြည်နယ်ဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးဇော်ဝင်း ကို ကချင်ပြည်နယ်အစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# စုံညီခုံရုံးက အယူခံမှုအမှတ် (၂/ ၂၀၁၉) ကို အပြီးသတ်အမိန့်ချမှတ်

**နေပြည်တော် ဩဂုတ် ၁**
မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်တွင် ရှမ်းတိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်သူ ဒေါ်နန်းထွေးမှုံက ယင်းမဲဆန္ဒနယ်တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ ဦးစိုင်းပန်းဆိုင်(ခ) ဦးစိုင်းထွန်းစိန်(ခ) ဦးကျော်စိန်အပေါ် ကန့်ကွက်လွှာတင်သွင်းခဲ့သဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လက်ခံခဲ့ပြီး ရွေးကောက်ပွဲခုံအဖွဲ့(၂)ဖြင့် ကြားနာစစ်ဆေးခဲ့ရာ ဦးစိုင်းပန်းဆိုင်(ခ) ဦးစိုင်းထွန်းစိန်(ခ) ဦးကျော်စိန်အား ရွေးကောက်တင်မြှောက်ခြင်းသည် တရားဝင်အတည်ဖြစ်ကြောင်းနှင့် လျှောက်ထားသူ ဒေါ်နန်းထွေးမှုံ၏ ကန့်ကွက်လွှာကို ပယ်ကြောင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်အပေါ် မူလလျှောက်ထားသူ ဒေါ်နန်းထွေးမှုံက အယူခံမှုလျှောက်ထားတင်ပြလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အယူခံမှုအမှတ်(၂/ ၂၀၁၉)ဖြင့် လက်ခံခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ကော်မရှင်အဖွဲ့ဝင်အားလုံးပါဝင်သည့် စုံညီခုံရုံးက ယင်းအမှုကို ဇူလိုင် ၁၇ ရက်တွင် ကြားနာမှုပြုခဲ့ပြီးနောက် “မန္တလေးတိုင်းဒေသကြီး၊ ရှမ်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်တွင် ရှမ်းတိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်အဖြစ် ဦးစိုင်းပန်းဆိုင်(ခ) ဦးစိုင်းထွန်းစိန်(ခ)ဦးကျော်စိန်အား ရွေးကောက်တင်မြှောက်ခြင်းသည် တရားဝင်အတည်ဖြစ်ကြောင်း” ရွေးကောက်ပွဲခုံအဖွဲ့(၂)၏ ဆုံးဖြတ်ချက်ကို အတည်ပြု၍ ဒေါ်နန်းထွေးမှုံ၏ အယူခံလျှောက်ထားချက်ကို ပလပ်လိုက်သည်ဟု ယနေ့ ဆုံးဖြတ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# လွှတ်တော်အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁**
အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်ကော်မတီဝင်များသည် UK House of Commons မှ Clerk of Legislation, Mr.Liam Laurence Smyth အား ယနေ့မွန်းလွဲ ၁ နာရီတွင် အမျိုးသားလွှတ်တော်(J) ဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် လွှတ်တော်အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်အခွင့်အရေး ကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ကော်မတီဝင်များသည် ပွင့်လင်းမြန်မာ့ရေ့ဆောင်အဖွဲ့မှ တာဝန်ရှိသူများအား မွန်းလွဲ ၂ နာရီတွင် အမျိုးသားလွှတ်တော်ရေးရာဆောင်အမှတ် (I-20) ရှိ လွှတ်တော်အခွင့်အရေး ကော်မတီ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လွှတ်တော်အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်၊ လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူး ဦးမောင်မောင်လတ်၊ ကော်မတီအဖွဲ့ဝင်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# ဦးမျိုးသန့်ဖေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ်ခန့်အပ်

**နေပြည်တော် ဩဂုတ် ၂**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးသန့်ဖေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ **သတင်းစဉ်**

# မိုးပိုနေမည်

**နေပြည်တော် ဩဂုတ် ၁**
မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။ **မိုး/ ဇလ**

# နိုင်ငံတစ်ဝန်းရှိ အကြောင်းအမျိုးမျိုးကြောင့် အကျဉ်းကျနေသူများ ကျန်းမာစွာ ဘဝကိုဖြတ်သန်းနိုင်ရေး အကျဉ်းဦးစီးဌာနနှင့် အား/ကာတို့ ပူးပေါင်းဆောင်ရွက်မည်

**နေပြည်တော် ဩဂုတ် ၁**
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ “Coordination Meeting For Exercise Medicine in Prison” ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် အားကစားနှင့်ကာယပညာဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက တစ်နိုင်ငံလုံးရှိ ပြည်သူများ ကျန်းမာကြံ့ခိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်နေကြောင်း၊ နိုင်ငံတစ်ဝန်းရှိ အကြောင်းအမျိုးမျိုးကြောင့် အကျဉ်းကျနေသူများ အကျဉ်းထောင်အတွင်း ကျန်းမာကြံ့ခိုင်စွာ ဘဝကိုဖြတ်သန်းနိုင်ရေးအတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မည် ဖြစ်ကြောင်း၊ နိုင်ငံတကာ၌ ဥပဒေပြဋ္ဌာန်းရာတွင် အကျဉ်းသားများ ကျန်းမာရေးစောင့်ရှောက်ပေးရန် ထည့်သွင်းရေးဆွဲသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတစ်ဝန်းရှိ အကျဉ်းသားများ ကိုယ်စိတ်ကျန်းမာကြံ့ခိုင်ကောင်းမွန်အောင် ပြုစုပျိုးထောင်ပေးရန် လိုအပ်သည့်အတွက် အစည်းအဝေးတက်ရောက်လာသူများ ဝိုင်းဝန်းပူးပေါင်းဆွေးနွေးအကြံပြုပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဌေးအောင်နှင့် အကျဉ်းဦးစီးဌာနတို့မှ တာဝန်ရှိသူတစ်ဦးက နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်များမှ အကျဉ်းသားများ ပြုစုပျိုးထောင်ပေးရေးလုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ခုတင်(၁၀၀၀) နေပြည်တော်ဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာတင့်တင့်ကြည်၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာသာထွန်းကျော်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်စိုးတို့က အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက အကြံပြုချက်များအပေါ် သုံးသပ်ဆွေးနွေးပြောကြားသည်။ **သတင်းစဉ်**

# ကမာရွတ်လူကူးခုံးကျော်တံတားကို အမိုးခုံးတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေ

**ရန်ကုန် ဩဂုတ် ၁**
ရန်ကုန်မြို့ကမာရွတ်မြို့နယ် လှည်းတန်းမီးပွိုင့်အနီး အင်းစိန်လမ်းမပေါ်တွင် တည်ဆောက်ထားသော လူကူးခုံးကျော်တံတားကို ပြည်သူများ ဖြတ်သန်းသွားလာရာတွင် လွယ်ကူစေရေးအတွက် အမိုးခုံးတပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အမိုးခုံးတပ်ဆင်ခြင်း လုပ်ငန်းများကို ဇူလိုင်လအတွင်း စတင်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာလတွင် အပြီးတပ်ဆင်သွားမည်ဖြစ်သည်။ အမိုးခုံးတပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ် တံတားကို ခေတ္တပိတ်ထားပြီး ပြည်သူများ လမ်းဖြတ်ကူးနိုင်ရန် လမ်းလယ်တွင် ကာရံထားသော သံပန်းများ ဖြုတ်သိမ်းထားသည်ကို တွေ့ရသည်။

**လုံခြုံစိတ်ချစွာ ဖြတ်သန်းသွားလာ**

ယခင်က တံတားမှာ အမိုးမရှိသည့်အတွက် ကျောင်းသား ကျောင်းသူများ၊ သက်ကြီးရွယ်အိုများနှင့် အများပြည်သူတို့မှာ နေပူမိုးရွာ တံတားပေါ်မှ ဖြတ်သန်းကြရသည်။ မိုးရာသီ၌ မိုးရေထဲဖြတ်သန်းကြရသဖြင့် ခြေချော်ကျမည့်အန္တရာယ်နှင့် မကြာခဏကြုံတွေ့ကြရသည်။ ယခု အမိုးများတပ်ဆင်ပြီးစီးသွားပါက လုံခြုံစိတ်ချစွာ ဖြတ်သန်းသွားလာကြရမည်ဖြစ်သည်။ တံတားအမိုးတပ်ဆင်ခြင်းလုပ်ငန်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်နေခြင်းဖြစ်သည်။



ရန်ကုန်မြို့ ကမာရွတ်မြို့နယ် လူကူးခုံးကျော်တံတား၌ အမိုးခုံးများ တပ်ဆင်ရန် ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

**မှတ်တိုင်မရှိတာ နှစ်အတန်ကြာ**

ကမာရွတ်မြို့နယ် အတွင်း၌ လှည်းတန်းလူကူးခုံးကျော်တံတားကို အမိုးတပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေသကဲ့သို့ လှည်းတန်းမှတ်တိုင် တည်ဆောက်ခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ယခင်က အင်းစိန်လမ်းမ၌ အင်းစိန်ဘက်သို့ အသွားသာလှည်းတန်းတွင် မှတ်တိုင်များရှိသော်လည်း အင်းစိန်မှ ရန်ကုန်မြို့လယ်သို့ အသွားဘက်ခြမ်းတွင် လှည်းတန်းမှတ်တိုင်ဟူ၍ မရှိသည်မှာ နှစ်အတန်ကြာမြင့်ခဲ့ပြီဖြစ်သည်။

လွန်ခဲ့သော သီတင်းပတ်မှစ၍ အိုင်တီလက်ဖက်ရည်ဆိုင် အနီးတွင် လှည်းတန်းမှတ်တိုင် တည်ဆောက်ခြင်းလုပ်ငန်းများကို စတင်ခဲ့ပြီး ယခုအခါ အတော်အတန်ပြီးစီးပြီဖြစ်၍ ပြည်သူများ အနေဖြင့် မှတ်တိုင်မှ အတည်တကျစီးနင်းနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၁**-မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ ဇလ**

# ကံ့ကော်မြေတွင် ကျင်းပခဲ့သော မြန်မာနိုင်ငံ တက္ကသိုလ်များ သုတေသနညီလာခံ

ပါမောက္ခ မောင်မောင်အေး

**တစ်ခါက တက္ကသိုလ်ပညာလောကတွင် သိပ္ပံနည်းကျ သုတေသနလုပ်ငန်းများနှင့် စပ်လျဉ်း၍ သုတေသနစာအုပ်စာတမ်းပေါင်း မြောက်မြားစွာ ရေးသားပြုစုခဲ့ပြီး ပြည်တွင်းမှာသာမက ပြည်ပ၌ပါ ထင်ရှားကျော်ကြားခဲ့သည့် သုတေသီပညာရှင် ဆရာကြီးတစ်ဦး၏ သုတေသနနှင့် ပတ်သက်သော မှတ်သားဖွယ်၊ ဂရုပြုဖွယ် အဆိုအမိန့်တစ်ခုကို စာရေးသူ ယခုတလော တခုတ်တရ သတိရနေမိပါသည်။**

"သုတေသနဖက်မှ တက္ကသိုလ်အသက်ရှည်မယ်။ သုတေသနဆိတ်သုဉ်းရင် တက္ကသိုလ်သေပြီ" တဲ့။

**မြန်မာနိုင်ငံတက္ကသိုလ်များ သုတေသနညီလာခံ**

မြန်မာနိုင်ငံတက္ကသိုလ်များ သုတေသနညီလာခံ - ၂၀၁၉ (Myanmar Universities' Research Conference – MURC 2019) ကို ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ရန်ကုန်တက္ကသိုလ်နယ်မြေ (ကံ့ကော်မြေ)တွင် ၂၀၁၉ ခုနှစ် မေ ၂၄ ရက်မှ ၂၅ ရက် အထိ နှစ်ရက်တိုင်တိုင် အောင်မြင်စွာ ကျင်းပခဲ့ပါသည်။ ဤသုတေသန ညီလာခံသို့ စာရေးသူကိုယ်တိုင် တက်ရောက်လေ့လာခွင့် ရရှိခဲ့သည်။

မြန်မာနိုင်ငံတက္ကသိုလ်များ သုတေသန ညီလာခံ- ၂၀၁၉ ၏ အဓိကဆောင်ပုဒ်မှာ "အရည်အသွေးရှိသော သုတေသနနှင့် တီထွင်ဆန်းသစ်မှုဖြင့် နိုင်ငံတော်တည်ဆောက်ခြင်း" ဖြစ်ပါသည်။

မြန်မာနိုင်ငံ အမျိုးသားပညာရေး မူဝါဒကော်မရှင်သည် ပညာရေးဆိုင်ရာ မူဝါဒလုပ်ငန်းများကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပညာရေးနှင့်အတူ ဒွန်တွဲနေသော သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုသည်လည်း နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူ ပြုနိုင်ပါသည်။ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် ကောလိပ်များတွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ သုတေသနဆောင်ရွက်သည့် အလေ့အကျင့် တိုးတက်မြင့်မားလာစေရန် အထူးလိုအပ်ပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ အမျိုးသားပညာရေး မူဝါဒကော်မရှင်နှင့် ပါမောက္ခချုပ်များ ကော်မတီကကြီးမှူး၍ တက္ကသိုလ်အားလုံး၊ အထူးပြုပညာရပ်နယ်ပယ်အားလုံးပါဝင်သည့် မြန်မာနိုင်ငံတက္ကသိုလ်များ သုတေသနညီလာခံတစ်ရပ်ကို ကျင်းပရန် လိုအပ်လာပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ တက္ကသိုလ်များ သုတေသန ညီလာခံ- ၂၀၁၉ ကို -

- မြန်မာနိုင်ငံ တက္ကသိုလ်အသီးသီးရှိ သုတေသီများ၏ သုတေသနစာတမ်းများကို ဖတ်ကြားတင်သွင်းခြင်းဖြင့် မိမိတို့ ရှာဖွေတွေ့ရှိထားသော သုတေသနရလဒ်များကို အချင်းချင်း မျှဝေနိုင်ရန်၊
- မြန်မာနိုင်ငံတက္ကသိုလ်အသီးသီးရှိ သုတေသနကော်မတီများအချင်းချင်း အတွေ့အကြုံ၊ အတွေးအမြင်၊ ပညာဗဟုသုတများ ဖလှယ်ခြင်းဖြင့် အရည်အသွေး ပိုမိုကောင်းမွန်သော အသုံးချသုတေသနများကို တိုးတက်ဆောင်ရွက်နိုင်ရန်၊
- မြန်မာနိုင်ငံတက္ကသိုလ်များတွင် စနစ်တကျ သုတေသနဆောင်ရွက်တတ်သည့် အလေ့အကျင့်များ ပိုမိုတိုးတက်လာစေပြီး တက္ကသိုလ်၏ အဆင့်အတန်းမြင့်မားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန် စသည့်ရည်ရွယ်ချက်များနှင့် ကျင်းပခဲ့သည်။

မြန်မာနိုင်ငံတက္ကသိုလ်များ သုတေသနညီလာခံ ဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဖွင့်မိန့်ခွန်းမြွက်ကြားပြီး အမျိုးသားပညာရေး မူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်နှင့် ပါမောက္ခချုပ်များ၊ ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာ ဇော်ဝေစိုးတို့က ဖွင့်ပွဲအမှာစကား အသီးသီး ပြောကြားခဲ့ကြပါသည်။ ထို့အပြင် Dr. Hanan Khalifa (Director, Cambridge Assessment English, University of Cambridge, U.K.) နှင့် Dr. John R. Groch (Public Affairs Officer, US Embassy, Yangon, Myanmar) တို့ကလည်း မိမိတို့၏ (Keynote Speech) အသီးသီးကို (Power Point Slide)များဖြင့် ဟောပြောတင်ပြခဲ့ကြပါသည်။

**သုတေသနစာတမ်း ၁၆၂ စောင်ဖတ်ကြားတင်သွင်း**

အထူးပြုပညာရပ်ကော်မတီရှစ်ဖွဲ့ကလည်း သတ်မှတ်ထားသည့် သက်ဆိုင်ရာ အခန်းအသီးသီးတွင် မိမိတို့၏ အထူးပြုပညာရပ်နှင့် သက်ဆိုင်သောသုတေသနစာတမ်းများကို ဆွေးနွေးဖတ်ကြား တင်ပြခဲ့ကြသည်။

(၁) ဝိဇ္ဇာ/သိပ္ပံပညာရပ်ဆိုင်ရာအဖွဲ့၊
(၂) အင်ဂျင်နီယာနှင့် နည်းပညာရပ်များအဖွဲ့၊
(၃) ကွန်ပျူတာနည်းပညာရပ်များအဖွဲ့၊
(၄) စီးပွားရေးပညာရပ်များအဖွဲ့၊




(၅) ဆေးနှင့် ဆေးနီးနွယ်ပညာရပ်များအဖွဲ့၊
(၆) ဘာသာ၊ ယဉ်ကျေးမှုနှင့် အနုပညာရပ်များအဖွဲ့၊
(၇) သစ်တော၊စိုက်ပျိုးရေးနှင့်မွေးမြူရေးပညာရပ်များ အဖွဲ့၊
(၈) ဆရာတတ်ပညာအဖွဲ့တို့မှ သက်ဆိုင်ရာပညာရှင် သုတေသီအသီးသီးက သုတေသနစာတမ်းစုစုပေါင်း ၁၆၂ စောင်ကို ဖတ်ကြားတင်သွင်းခဲ့ကြပါသည်။

သုတေသနစာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသော ပညာရှင်များကလည်း မိမိတို့သိရှိလိုသောအချက်များနှင့် ပတ်သက်၍ မေးခွန်းများ မေးမြန်းခြင်း၊ ဝေဖန်ဆွေးနွေးခြင်း၊ စာတမ်းရှင်များက တလေးတစား ပြန်လည်ဖြေကြားခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ခဲ့ကြပါသည်။

မေ ၂၅ ရက် (ညီလာခံဒုတိယနေ့) တွင် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်တက္ကသိုလ်နယ်မြေဝိဇ္ဇာခန်းမ (Arts Hall) ၌ သုတေသနစကားဝိုင်းတစ်ခုကိုလည်း စည်ကားသိုက်မြိုက်စွာနှင့်အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။

မြန်မာနိုင်ငံတက္ကသိုလ်များ သုတေသနညီလာခံ- ၂၀၁၉ ၏ အဓိက ဆောင်ပုဒ်နှင့်အညီ သုတေသနစကားဝိုင်း၏ ခေါင်းစဉ်ကိုလည်း " နိုင်ငံတည်ဆောက် ကူထောက်တွဲယှဉ် ဆန်းသစ်တီထွင်သုတေသနတို့စွမ်းအင်"ဟု သတ်မှတ်ခဲ့ပါသည်။

ဤသုတေသနစကားဝိုင်းသည် မြန်မာနိုင်ငံ တက္ကသိုလ်အသီးသီးမှ သုတေသနစာတမ်းရှင်များ၊ သုတေသနပိုစတာတင်ပြသူများ၊ သက်ဆိုင်ရာ အထူးပြုပညာရပ်နယ်ပယ်မျိုးစုံမှ သုတေသီများကို ပြည်သူလူထုအတွင်းတွင်ရှိသော နယ်ပယ်မျိုးစုံ၊ ကဏ္ဍမျိုးစုံ၊ အလွှာမျိုးစုံတို့မှ ကိုယ်စားလှယ်များနှင့် ထိတွေ့ချိတ်ဆက်ပေးပြီး ပူးပေါင်းပါဝင်နိုင်ဖို့ အဓိက ဖိတ်ခေါ်လိုခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ အားလုံးပါဝင်နိုင်သော ပညာရပ်ဝန်းသို့ ဦးတည်ဆောင်ရွက်နေကြောင်းကို အများပြည်သူသို့ အသိပေးလိုရင်းသာ ဖြစ်ပါသည်။

မြန်မာနိုင်ငံတက္ကသိုလ်များ သုတေသနညီလာခံ- ၂၀၁၉ နှင့်အတူ ပူးတွဲကျင်းပခဲ့သော သုတေသနစကားဝိုင်း၏ အဓိက ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) သုတေသနလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် တက္ကသိုလ်များ၊ သုတေသနဌာနများနှင့် မူဝါဒချမှတ်သူများ၊ အစိုးရနှင့် ပုဂ္ဂလိကစက်မှုကုန်ထုတ်လုပ်ငန်းများ၊ အများပြည်သူ ဝန်ဆောင်မှုလုပ်ငန်းများ၊ လူမှုရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပြည်သူလူထုတို့အကြားတွင် သုတေသနဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ဖန်တီးပုံဖော်နိုင်ရေးကို ဦးတည်ဆွေးနွေးနိုင်ရန်၊

(ခ) လုပ်ငန်းနယ်ပယ် တစ်ရပ်ချင်းအလိုက် ကြုံတွေ့နေရသော နည်းပညာဆိုင်ရာ အခက်အခဲများ၊ စိန်ခေါ်မှုများအပေါ် ကျော်လွှားနိုင်မည့် သုတေသနလုပ်ငန်းများ၊ ဤကဲ့သို့ ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် ပိုမိုကောင်းမွန်သော အစီအမံများကို ဖော်ထုတ်အကြံပြု တင်ပြပေးနိုင်ရန်၊

(ဂ) သုတေသနစကားဝိုင်းမှ တစ်ဆင့်ရရှိမည့် နိုင်ငံတကာ သုတေသနလုပ်ငန်း အတွေ့အကြုံများ အသိပညာနှင့် ဗဟုသုတများကို မျှဝေပေးနိုင်ရန်၊

(ဃ) လူမှု-စီးပွားဘဝ မြင့်မားရေးအတွက် အဓိကလိုအပ်လျက်ရှိသော အသုံးချ သုတေသနလုပ်ငန်းများအပေါ် ကဏ္ဍမျိုးစုံတွင် ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်လာနိုင်ခြင်းဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ရန်၊

(င) အားကောင်းသော သုတေသနအခြေပြု တက္ကသိုလ်ကြီးများ ပေါ်ပေါက်လာစေရန်အတွက် လက်ရှိ အင်စတီကျူးရှင်းများ၏ ပကတိအခြေအနေ၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပြုပြင်ပြောင်းလဲဖွဲ့စည်းသင့်သော အကြံပြုချက်များ ထွက်ပေါ်လာစေနိုင်ရန်၊

သုတေသနစကားဝိုင်းတွင် စကားဝိုင်း ဦးဆောင်သူ (Moderator)တစ်ဦးနှင့် ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးမည့်သူ (Speaker) ခုနစ်ဦး စုစုပေါင်းရှစ်ဦး ပါဝင်ခဲ့ပါသည်။

ဒေါက်တာမျိုးကြွယ်(ဥက္ကဋ္ဌ အမျိုးသားပညာရေးမူဝါဒကော်မရှင်)၊ ဒေါက်တာထင်ဇော်စိုး (ပါမောက္ခချုပ်၊ အခြေခံကျန်းမာရေးတက္ကသိုလ်၊ မကွေး)၊ ဦးဝင်းခိုင်မိုး (ညွှန်ကြားရေးမှူးချုပ်၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန)၊ ဒေါ်ခိုင်ခိုင်နွယ် (တွဲဖက်အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်)၊ ဒေါက်တာ ပဒေသာတင် (အကြီးတန်း သိပ္ပံပညာရှင်၊ John Glenn Research Center, NASA, USA)၊ ဒေါက်တာခင်နီနီသိန်း (အတွင်းရေးမှူး၊ အကြံပေးအဖွဲ့ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ)နှင့် (Ms Aryna Kuchna - Programme Manager, Electronic Information For Libraries - EIFL)တို့က ဆွေးနွေးသည့် ပုဂ္ဂိုလ်များအဖြစ် အားတက်သရော ပါဝင်ဆွေးနွေးခဲ့ကြသည်။ ပေါင်းစပ်မေးမြန်းသူအဖြစ် ပါမောက္ခ ဦးမောင်မောင်အေး (တာဝန်ခံပါမောက္ခချုပ် (ငြိမ်း)၊ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် အဖွဲ့ဝင်၊ အမျိုးသားပညာရေး မူဝါဒကော်မရှင်)က ဆောင်ရွက်ပေးခဲ့သည်။

သုတေသနစကားဝိုင်း၏ ဒုတိယပိုင်းကို အမေးအဖြေ ကဏ္ဍဖြင့် တစ်ဆက်တည်း ကျင်းပခဲ့ပါသည်။ တက်ရောက်လာသူ ပရိသတ်များက တက်ကြွစွာ ပါဝင်ဆွေးနွေးမေးမြန်းခဲ့ကြသည်။

**သုတေသနစကားဝိုင်းမှ ရရှိသည့် အကျိုးရလဒ်များ**

- သုတေသနစကားဝိုင်းမှ

(က) ပညာရေးဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အဆင့်မြင့်ပညာကဏ္ဍ၊ သုတေသနဖွံ့ဖြိုးမှုဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ မူဝါဒ၊ မျှော်မှန်းချက်များနှင့် လုပ်ငန်းစဉ်များအပေါ် လွှမ်းခြုံလျက် ပြည်သူလူထုသို့ အသိပေး တင်ပြခွင့်ရရှိခြင်း၊

(ခ) မြန်မာနိုင်ငံရှိ တက္ကသိုလ်/ ဒီဂရီကောလိပ်/ ကောလိပ်များနှင့် သုတေသနဌာနများမှ ဆောင်ရွက်လျက်ရှိသော သုတေသနလုပ်ငန်းရပ်များအပေါ် အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ကြိုးပမ်းဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြနိုင်ခြင်းနှင့် အတွေ့အကြုံများ ဖလှယ်ရယူနိုင်ခြင်း၊

(ဂ) အစိုးရနှင့် ပုဂ္ဂလိကစက်မှုကုန်ထုတ်လုပ်ငန်းများ၊ လူမှုစီးပွားပတ်ဝန်းကျင်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများအတွက် သုတေသနလုပ်ငန်းများ ယှဉ်တွဲဆောင်ရွက်ခြင်းဖြင့် ပိုမိုကောင်းမွန်သော နည်းလမ်းသစ်များ ဖော်ထုတ်ပေးနိုင်ခြင်း၊ အရည်အသွေးနှင့် အဆင့်အတန်း တိုးတက်မြင့်မားရရှိ စေနိုင်ခြင်း၊

(ဃ) နိုင်ငံတကာ အတွေ့အကြုံရှိ ပညာရှင်များမှတစ်ဆင့် ပြည်ပတက္ကသိုလ်များ၊ သုတေသနစင်တာများ၏ သုတေသန အကောင်အထည်ဖော် ဆောင်ရွက်ချက်များအပေါ် အတွေ့အကြုံကောင်းများနှင့် နည်းလမ်းများ ရယူသိရှိနိုင်ခြင်း၊

(င) သုတေသနလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်တတ်မှု အလေ့အကျင့်ကောင်းများ ရှင်သန်တိုးတက်စေကာ အမျိုးသားရေးမျှော်မှန်းချက်များ အောင်မြင်ပေါက်မြောက်စေရေး၌ အဓိက မောင်းနှင်အားများအဖြစ် ပြောင်းလဲအသုံးချတတ်လာစေနိုင်ခြင်း၊

(စ) အောင်မြင်သော သုတေသနလုပ်ငန်းစဉ်တစ်ခု အတွက် သုတေသနဆိုင်ရာ စွမ်းအားစုများကိုထိရောက် ကျစ်လျစ်စွာ ဖွဲ့စည်းတည်ထောင်ထားရှိနိုင်မှုနှင့် သိပ္ပံ/ ဝိဇ္ဇာ/ အင်ဂျင်နီယာ/ နည်းပညာ/ ဆေးပညာ/ စိုက်ပျိုးရေး/ မွေးမြူရေးအစရှိသည့် ပညာရပ်ဆိုင်ရာ သုတေသီ လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်ပျိုးထောင်ရေး၊ အားပေးမြှင့်တင်ရေး၊ ရေရှည်တည်တံ့လျက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် နိုင်ငံတကာ အတွေ့အကြုံကောင်းများ သိရှိလာစေနိုင်ခြင်း၊

(ဆ) သုတေသနညီလာခံ၏ မျှော်မှန်းချက်ဖြစ်သော နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍအတွက် အားကိုးအားထားပြုနိုင်မည့် စွမ်းဆောင်ရည်မြင့်မားသော သုတေသနဆိုင်ရာ ဆန်းသစ်တီထွင်မှုများ ဆောင်ကြဉ်းပေးနိုင်ရေးတွင် အင်စတီကျူးရှင်းများ၏ အရေးပါမှုအား ပိုမိုပေါ်လွင်ထင်ရှားလာစေနိုင်ခြင်းစသည့် အကျိုးရလဒ်များ ရရှိခဲ့သည်။

**အကောင်းဆုံးသုတေသနစာတမ်းဆုနှင့်ပိုစတာဆုများ**

မြန်မာနိုင်ငံတက္ကသိုလ်များ သုတေသနညီလာခံ- ၂၀၁၉ ၏ ဒုတိယနေ့ မွန်းလွဲပိုင်းတွင် ကျင်းပသော သုတေသနစကားဝိုင်းအပြီးတွင် "ဆုပေးပွဲ အခမ်းအနား"ကို ဝိဇ္ဇာခန်းမအတွင်းမှာပင် ညနေ ၄နာရီမှ ၅ နာရီအထိ ဆက်လက်ကျင်းပခဲ့သည်။ အထူးပြုပညာရပ်နယ်ပယ် အသီးသီးအတွက် အကောင်းဆုံးသုတေသနစာတမ်းဆုရရှိသူများနှင့် ဒုတိယအကောင်းဆုံးစာတမ်းဆုရရှိသူများကို လည်းကောင်း၊ အကောင်းဆုံးသုတေသန ပိုစတာဆုရရှိသူများကို လည်းကောင်း အမျိုးသားပညာရေး မူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်၊ မြန်မာနိုင်ငံ ဝိဇ္ဇာသိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသက်လွင်နှင့် အဆင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းတို့က ဆုတံဆိပ်၊ ဆုလက်မှတ်များနှင့် ချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြပါသည်။

မြန်မာနိုင်ငံတွင် တက္ကသိုလ်မသေရလေအောင်၊ ထာဝရ ရှင်သန်ဖွံ့ဖြိုးနေအောင်၊ စဉ်ဆက်မပြတ် တည်တံ့နေအောင် တက္ကသိုလ်အသီးသီးတွင် အထူးပြုပညာရပ်ဆိုင်ရာသုတေသနလုပ်ငန်းများ မဆိတ်သုဉ်းရန် အထူးအရေးကြီးပါသည်။ သုတေသနလုပ်ငန်းများ မဆိတ်သုဉ်းဘဲ အစဉ်အမြဲ ဖွံ့ဖြိုးတိုးတက်နေမှသာလျှင် တက္ကသိုလ်များ အသက်ရှည်နိုင်မည်၊ ထာဝစဉ်အဓွန့်ရှည် တည်တံ့နိုင်မည်ဆိုသည့်အချက်ကို အထူးသတိချပ်ရန် လိုပါသည်။

မြန်မာနိုင်ငံတွင် ပညာရပ်ဆိုင်ရာ သုတေသနဆိုင်ရာ ညီလာခံများကို အခါအားလျော်စွာ ကျင်းပလျက် ရှိခဲ့သော်လည်း ဤမြန်မာနိုင်ငံတက္ကသိုလ်များ သုတေသနညီလာခံ- ၂၀၁၉ကဲ့သို့ ပညာရပ်မျိုးကွဲ မျိုးစုံ၊ ပညာရပ်နယ်ပယ်စုံ တစ်ပြိုင်တည်းပူးတွဲကျင်းပသော အမျိုးသားအဆင့် သုတေသနညီလာခံမျိုးမှာ ဆယ်စုနှစ်ပေါင်းများစွာ ကြာပြီးနောက် ယခုမှတစ်ဖန် ပြန်လည်နိုးထ ပေါ်ပေါက်လာခြင်း ဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါသည်။


မြန်မာနိုင်ငံတက္ကသိုလ်များ၏ သုတေသနလုပ်ငန်းစဉ်များအား အလုပ်ခွင်ဆိုင်ရာ လက်တွေ့ဘဝ၊ ပြည်သူလူထု လိုအပ်ချက်များအပေါ် အခြေပြုဆောင်ရွက်လာခြင်းသည် ပိုမိုထူးခြားသည့် အားလုံးပါဝင်ပညာရေး ခရီးစဉ် (Education For All)၏ ပညာရေးအသွင်ပြောင်း ပုံရိပ်တစ်ခုအဖြစ် ဤမြန်မာနိုင်ငံ တက္ကသိုလ်များ သုတေသနညီလာခံနှင့် သုတေသနစကားဝိုင်းတို့က သက်သေထူလျက်ရှိမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။


မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်


ကယားပြည်နယ်မဲဆန္ဒနယ်
အမှတ်(၉)မှ ဦးစိုးသိန်း


မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း


လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ


တာမွေမဲဆန္ဒနယ်မှ ဦးတိုးဝင်း


လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင်

❒ *ကျောဖုံးမှ*

လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်၍ ဆွေးနွေးကြသည့်အတွက် ယင်းအသုံးအနှုန်းများကို လွှတ်တော်မှတ်တမ်းတွင် ပယ်ဖျက်ခဲ့ရပါကြောင်း။

ထို့ပြင် အစီရင်ခံစာပါအကြောင်းအရာများ၊ အကြံပြုချက်များ၊ သုံးသပ်တင်ပြချက်များအပေါ်တွင်သာ ဆွေးနွေးကြရန် အသိပေးမှာကြားခဲ့သော်လည်း ဆွေးနွေးကြသည့်အခါ ဥပဒေကြမ်းတစ်ရပ်အပေါ်ဆွေးနွေးသကဲ့သို့ ပြင်ဆင်ရန် အကြံပြုချက်များကိုပါ ဖော်ပြပြီး ဆွေးနွေးကြသည်ကို တွေ့ရပါကြောင်း၊ သို့ဖြစ်၍ ယနေ့တွင် ဆွေးနွေးကြမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစီရင်ခံစာပါ အကြောင်းအရာများကို ဆွေးနွေးကြရန်နှင့် ဌာန၊ အဖွဲ့အစည်းတစ်ခုခု၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊


ပုဗ္ဗသီရိမဲဆန္ဒနယ်မှ
ဦးရည်မွန်(ခေါ်)ဦးတင်သစ်


မိုင်းယန်းမဲဆန္ဒနယ်မှ ဦးစိုင်းဆမ်


ကယားပြည်နယ်မဲဆန္ဒနယ်
အမှတ် (၈)မှ ဦးကျော်သန်း


ရခိုင်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၇)မှ ဦးကျော်သိန်း

တိုင်းရင်းသားလူမျိုးစုတစ်ခုခုကို ထိခိုက်နစ်နာစေမည့် ဆွေးနွေးချက်များကို ထည့်သွင်းဆွေးနွေးခြင်းမပြုကြရန်နှင့် လွှတ်တော်၏ ဂုဏ်သိက္ခာ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာတို့နှင့် လျော်ညီစွာဆွေးနွေးသွားရန် ထပ်မံအသိပေးမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

## နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားအတွက် ပြင်ဆင်သင့်သည့် အချက်များကို ပြင်သင့်သည့်အချိန်ကာလတွင် ပြင်ဆင်ရန် သဘောထားရှိပြီးဖြစ်

**မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်** က ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို မိမိတို့ မကန့်ကွက်ပါကြောင်း၊ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားအတွက် ပြင်ဆင်သင့်သည့်အချက်များကို ပြင်သင့်သည့်အချိန်ကာလတွင် ပြင်ဆင်ရန်သဘောထားရှိပြီးဖြစ်ပါကြောင်း၊ သို့သော်လည်း ဥပဒေနှင့်အညီဖြစ်စေရန် ဂရုပြုရမည်ဖြစ်ပါကြောင်း၊ မိမိတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၅ ပါ ဇယားနှင့်အညီ ကတိသစ္စာပြုထားကြသူများဖြစ်ပါကြောင်း၊ ယင်းကတိသစ္စာကို မိမိတို့အားလုံး လိုက်နာရန် လိုအပ်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ ဦးစိုးသိန်း**က ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်မည်၊ ပယ်ဖျက်မည်၊ ဖြည့်စွက်မည်ဆိုပါက လေးလေးနက်နက် ကျယ်ကျယ်ပြန့်ပြန့် အချိန်ယူဆောင်ရွက်ရန် လိုပါကြောင်း၊ (၄၅)ဦး ကော်မတီ၏ ပြင်ဆင်ချက် ၃၇၆၅ ချက်ကို မည်ကဲ့သို့သော မူ၊ Criteria များဖြင့် ဦးစားပေးရွေးချယ်မည်ကို သိလိုပါကြောင်း၊ ထို့အတူ ပြင်သင့်သည်မှန်သော်လည်း လုပ်ချင်သည်၊ လုပ်သင့်သည်၊ လုပ်နိုင်သည်များကို ညှိနှိုင်းဆောင်ရွက်ပါက ပို၍အဆင်ပြေမည်ဟု ယူဆပါကြောင်း၊ ယခု (၄၅)ဦး ကော်မတီဝင်များ အားလုံးသည် ဥပဒေပညာရှင်များမဟုတ်ပါကြောင်း၊ အကြံပြုလိုသည်မှာ တစ်အုပ်လုံး အသစ်ရေးဆွဲသကဲ့သို့ တွေ့ရသည့်အတွက် ပြည်သူအားလုံးနှင့်ဆိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ရေးဆွဲရေးကော်မရှင်တစ်ရပ်ကို ဥပဒေပညာရှင်များ၊ သမိုင်းပညာရှင်များ၊ တတ်သိပညာရှင်များ၊ တိုင်းရင်းသား ၁၃၅ မျိုး ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ နိုင်ငံဝန်ထမ်းကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးဆောင်ရွက်နေသော လက်နက်ကိုင်အဖွဲ့အစည်း ကိုယ်စားလှယ်များ၊ ဖိတ်ကြားသင့်သည့် ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား၊ အလုပ်သမားကိုယ်စားလှယ်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့များဖြင့် ဆောင်ရွက်သင့်ပါကြောင်းနှင့် အစီရင်ခံစာပါ အပိုဒ် ၂၃ ကို ကန့်ကွက်ပါကြောင်း ဆွေးနွေးသည်။

**မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း**က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ဆန္ဒရှိခြင်းသည် ဒီမိုကရေစီကို မြတ်နိုးပြီး ဖက်ဒရယ်စနစ်ကို ယုံကြည်ခြင်းဖြစ်ပါကြောင်း၊ ပြည်သူကို သစ္စာရှိခြင်းလည်းဖြစ်ပါကြောင်း၊ ဖြစ်ချင်သည်၊ ဖြစ်သင့်သည်၊ ဖြစ်နိုင်သည်များကို လုပ်ပိုင်ခွင့်ရှိသည့်သူများက ညှိနှိုင်းအဖြေရှာရမည် ဖြစ်ပါကြောင်း၊ မိမိတို့ ဆွေးနွေးကြသည့်အခါတွင် ပညာရှိ သတိဖြစ်ခဲ ဆိုသကဲ့သို့ မီးလောင်ရာလေပင့် မဖြစ်ရလေအောင်၊ အလဟဿအဖြစ်မျိုး မကြုံရလေအောင် သတိပေးတိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

**လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ**က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) အခန်း(၁၂) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း ပုဒ်မ ၄၃၄ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းရမည်ဖြစ်ပါကြောင်း၊ ပုဒ်မ ၄၃၃ ၏ဖွဲ့စည်းပုံ


ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)မှ
ဦးစိုင်းစံအောင်


ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး


လားရှိုးမဲဆန္ဒနယ်မှ
ဒေါက်တာစိုင်းမောက်ခမ်း


ကရင်ပြည်နယ်မဲဆန္ဒနယ်
အမှတ်(၆)မှ ဒေါ်နန်းနီနီအေး

အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ပြင်ဆင်လိုပါက သတ်မှတ်ထားသော နည်းလမ်းအတိုင်းဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာတွင် ရှင်းရှင်းလင်းလင်း မရှိပါသဖြင့် ဆက်လက်ဆောင်ရွက်ရန် မသင့်ပါကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၂)အတိုင်း ပြင်ဆင်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

## နိုင်ငံရေးပါတီ ၁၄ ခုမှ ကိုယ်စားပြုကိုယ်စားလှယ်များနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ ဖြစ်ကြသဖြင့် ဤအစီရင်ခံစာသည်လည်း ပြည်သူ့ကိုယ်စားပြု အစီရင်ခံစာဖြစ်

**တာမွေမဲဆန္ဒနယ်မှ ဦးတိုးဝင်း** က ပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို လေ့လာသည့်အခါ ၂၀၀၈ ခုနှစ် အခြေခံဥပဒေတွင်ပါရှိသည့် ပုဒ်မ၊ ပုဒ်မခွဲများကို လေ့လာသုံးသပ်ဆင်ခြင်ကြပြီး ပြင်ဆင်ရန်၊ အသစ်ဖြည့်စွက်ရန် ၊ ပယ်ဖျက်ရန်၊ မူလအတိုင်းထားရှိရန် စသည်ဖြင့် လွတ်လပ်စွာ မီးမောင်းထိုးပြအကြံပြုခဲ့သည်ကို တွေ့ရပါကြောင်း၊ ပူးပေါင်းကော်မတီတွင် ပါဝင်အကြံပြုဆွေးနွေးကြသည့် ကိုယ်စားလှယ်များသည် မြန်မာပြည်တစ်နံတစ်လျားတွင်ရှိကြသည့် တိုင်းရင်းသားမိဘပြည်သူများမှ ရွေးချယ်တင်မြှောက်ထားသည့် နိုင်ငံရေးပါတီ ၁၄ ခုမှ ကိုယ်စားပြု ကိုယ်စားလှယ်များနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသဖြင့် ဤအစီရင်ခံစာသည်လည်း ပြည်သူ့ကိုယ်စားပြုအစီရင်ခံစာဖြစ်ကြောင်းကို မည်သူမျှငြင်းပယ်၍မရအောင် ထင်ရှားပါကြောင်း။

မိမိတို့အားလုံးသည် အခြေခံဥပဒေပြင်ဆင်ရေးကြိုးပမ်းရာတွင် မိမိတို့အပါအဝင် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၊ သားစဉ်မြေးဆက်များ၏ နောင်အနာဂတ်အရေး ယခုထက် ပိုမိုထွန်းလင်းတောက်ပလာနိုင်ရန် မျှော်ကိုးပြီး မိမိတို့၏ ဆောင်ရွက်ချက်များကို တာဝန်အရ၊ ဝတ္တရားအရဆိုသည်ထက် ဖြူစင်သောမေတ္တာ၊ နိုင်ငံသူနိုင်ငံသားများအပေါ် ထားရှိသည့် သစ္စာတရားတို့ကို မမှိတ်မသုန်အရင်းတည်ကာ ဖြစ်ချင်သည်၊ ဖြစ်နေသည်၊ ဖြစ်သင့်သည်တို့ကို အရင်းတည်ပြီး စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်မှသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးဆီသို့ အရောက်လှမ်းနိုင်စေရေးငှာ စည်းလုံးခြင်းသည် ချမ်းသာကြောင်းဆိုသည့် ဆောင်ပုဒ်နှင့်အညီ စုပေါင်းအင်အားဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေးပူးပေါင်းကော်မတီ အစီရင်ခံစာနှင့် လုပ်ငန်းစဉ်များကို ထောက်ခံအားပေးကြရန် မေတ္တာရပ်ခံပါကြောင်း ဆွေးနွေးသည်။

## လက်ရှိ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းရင်းသားပြည်သူလူထုများ၏ စစ်မှန်သည့် ဆန္ဒသဘောထားများနှင့် ကိုက်ညီရန် ဒီမိုကရေစီစံနှုန်းများနှင့်လည်း ကိုက်ညီရန် လိုအပ်နေသေး

**လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင်** က ပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို လေ့လာကြည့်သည့်အခါ ပြည်ထောင်စုလွှတ်တော်အတွင်းတွင် ရှိကြသည့် နိုင်ငံရေးပါတီများ၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များနှင့် တပ်မတော်သားအစုအဖွဲ့ ကိုယ်စားလှယ်များ၏ ပြင်ဆင်ရန် ၊အသစ်ဖြည့်စွက်ရန်၊ ပယ်ဖျက်ရန်နှင့် မူလအတိုင်းထားရှိရန် သဘောထားမှတ်ချက် စသည်ဖြင့် ဖော်ပြထားသည်ကို ပုဒ်မတစ်ခုချင်းစီအလိုက် အကြံပြုချက်များ၊ အဆိုပြုချက်များဖြင့် နောက်ဆက်တွဲဇယားနှင့်အတူ စုစည်းတင်ပြထားသည်ကို လေ့လာခြင်းအားဖြင့် ကော်မတီအနေနှင့် အစီရင်ခံစာ၏ အပိုဒ် ၃ ပါ ဦးတည်ချက်ငါးရပ်ကို အခြေခံပြီး လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ အဆိုပြုချက်ပေါင်း ၃၇၆၅ ချက်ရှိသည်ကို ကြည့်ခြင်းအားဖြင့် လက်ရှိ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းရင်းသားပြည်သူလူထုများ၏ စစ်မှန်သည့် ဆန္ဒသဘောထားများနှင့် ကိုက်ညီရန် ဒီမိုကရေစီစံနှုန်းများနှင့်လည်း ကိုက်ညီရန် လိုအပ်နေသေးသည်ကို ဖော်ပြထားပါကြောင်း။

မိမိတို့နိုင်ငံတွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်ပတ်သက်ပြီး အတိတ်ကာလက ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များသည် ယနေ့ခေတ်အထိ ဖြေရှင်းနိုင်ရန် ကြိုးစားနေရဆဲ ရှိသေးသကဲ့သို့ တိုင်းပြည်သည်လည်း ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ရန် ရုန်းကန်နေရဆဲဖြစ်ပါကြောင်း၊ ယင်းတို့ကို သင်ခန်းစာယူကြပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးကို ပိုမိုအထောက်အကူပြုစေပြီး ဒီမိုကရေစီစနစ် ပိုမိုအားကောင်းလာစေနိုင်မည့် ပြင်သင့်ပြင်ထိုက်သည့်အချက်များကို ယခုလို အချိန်ကောင်းအခါကောင်းတွင် ပြင်ဆင်နိုင်မှသာ တိုင်းပြည်၏ ပြည်တွင်းအင်အားများကို အချိန်မီစုစည်းနိုင်မည်ဖြစ်ပြီး အရှိန်အဟုန်ဖြင့် ဘက်ပေါင်းစုံ တိုးတက်လာနိုင်မည်ဖြစ်ပါကြောင်း၊ ပူးပေါင်းကော်မတီ၏ အစီအရင်ခံစာ သုံးသပ်ချက် အပိုဒ် ၂၂ နှင့် အပိုဒ် ၂၄ တို့အရ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်သည့် ဥပဒေမူကြမ်းတစ်ရပ် ပြုစုရေးဆွဲပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တင်သွင်းသွားရန်ရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ဒီမိုကရေစီစနစ်အရ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အချုပ်အခြာအာဏာမူရင်းပိုင်ရှင်များဖြစ်ကြသည့် ပြည်သူများ၏ ဆန္ဒသဘောထားကိုအခြေခံပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရာတွင် အထောက်အကူပြုစေနိုင်မည့် ပြင်သင့်ပြင်ထိုက်သည့်အချက်များကို အမြင်ကျယ်ကျယ် သဘောထားစိတ်ရင်းမှန်ကန်စွာဖြင့်

*စာမျက်နှာ ၈ သို့*

# ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေလျက်ရှိသော သတင်းစာနှင့် ဂျာနယ်များတွင် ကာတွန်းလက်ရာကောင်းများဖော်ပြနိုင်ရေး စည်းဝေး

ရန်ကုန် ဩဂုတ် ၁

**ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေလျက်ရှိသော သတင်းစာနှင့် ဂျာနယ်များတွင် ကာတွန်းလက်ရာကောင်းများဖော်ပြနိုင်ရေး အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရွှေသွေးဂျာနယ်အား ယခင်ကကဲ့သို့ လူကြိုက်များ၊ ထင်ရှားသော ဂျာနယ်ဖြစ်လာစေရေးအတွက် ကာတွန်းပညာရှင်ကြီးများက အကြံဉာဏ်များ ပေးစေလိုပါကြောင်း၊ ထိုအကြံပြုချက်များအပေါ် အခြေခံ၍ လက်တွေ့ဖြစ်မြောက်အောင် အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် နေ့စဉ်ထုတ်သတင်းစာများဖြစ်သော မြန်မာ့အလင်း၊ ကြေးမုံ၊ The Global New Light of Myanmar နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာစာစောင်တို့တွင် ကာတွန်းလက်ရာကောင်းများ ဖော်ပြနိုင်ရေး ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သတင်းစာနှင့် ဂျာနယ်တို့တွင် ကာတွန်းများ ဖော်ပြနိုင်ရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသော ကာတွန်းပညာရှင်ကြီးများက ၎င်းတို့၏ အတွေ့အကြုံများ၊ ပါဝင်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ဝိုင်းဝန်းဆွေးနွေး အကြံပြုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေလျက်ရှိသော သတင်းစာနှင့် ဂျာနယ်များတွင် ကာတွန်းလက်ရာကောင်းများဖော်ပြနိုင်ရေး အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

---

*စာမျက်နှာ ၇ မှ*

အပြန်အလှန်ညှိနှိုင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ တိုင်းရင်းသားပြည်သူလူထု၏အကျိုးကို မျှော်ကိုးကာ ပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ထောက်ခံဆွေးနွေးသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်ပါက ငြိမ်းချမ်းရေးနှင့် ပိုမိုနီးစပ်လာမည်

**ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးရည်မွန်(ခေါ်)ဦးတင်သစ်** က ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်ပါက ငြိမ်းချမ်းရေးနှင့် ပိုမိုနီးစပ်လာမည်ဖြစ်ပါကြောင်း၊ ထို့အတူ လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းမှု၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတို့နှင့်ပါ ပိုမိုနီးစပ်လာမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းသည်နှင့်အမျှ လူမှုစီးပွားရေးအခြေအနေလည်း ပိုမိုကောင်းမွန်လာဖွယ်ရှိပါကြောင်း၊ ဖွဲ့စည်းပုံမပြင်နိုင်ပါက ဒီမိုကရေစီသဘောအရ ပြည်သူကရွေးကောက်တင်မြှောက်သည့် အစိုးရတစ်ရပ်က အုပ်ချုပ်သည်ဆိုသော်လည်း ယင်းအစိုးရသည် တိုင်းရေးပြည်ရာကိစ္စများတွင် အပြည့်အဝတာဝန်ယူခွင့်မရသည့် အခြေအနေဖြစ်ပါကြောင်း။

(၄၅)ဦး ကော်မတီတွင် ပါဝင်သူအားလုံးသည် အပြုသဘောဆောင်သည့် စိတ်ဓာတ်နှင့် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်နေကြခြင်းဖြစ်ပါကြောင်း၊ ဆက်လက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းစဉ်ကို အခန်း(၁၂)နှင့် ဆီလျော်အောင် ဆောင်ရွက်နိုင်ရန် လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံပြင်ဆင်ရေး ဥပဒေမူကြမ်းတစ်ရပ် ပေါ်ပေါက်လာသည်အထိ ဆက်လက်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် မိမိတို့နိုင်ငံ၌ ပိုမိုပြီး ဒီမိုကရေစီပီသသည့်၊ ဖက်ဒရယ်သက်ဝင်သည့် ဖွဲ့စည်းပုံတစ်ခုဖြစ်အောင် ပြုပြင်ပြောင်းလဲရန် တာဝန်သည် ပြည်ထောင်စုလွှတ်တော်ကြီး၏ ရှေ့မှောက်တွင် ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ယင်းသည် အခွင့်အလမ်းလည်းဖြစ်ပါကြောင်း၊ ယင်းအခွင့်အလမ်းကို မိမိတို့ အမိအရဆုပ်ကိုင်ပြီး တာဝန်ကျေပွန်သည့် လွှတ်တော်ကိုယ်စားလှယ်များဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံအတွက် သမိုင်းသစ်ကိုရေးရန် အချိန်အခါနှင့် အခြေအနေဖြစ်ပါကြောင်း ဆွေးနွေးသည်။

အလားတူ မိုင်းယန်းမဲဆန္ဒနယ်မှ ဦးစိုင်းဆမ်၊ ကယားပြည်နယ်မဲဆန္ဒနယ် အမှတ်(၈)မှ ဦးကျော်သန်း၊ မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော်၊ မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) မှ ဦးစိုင်းသန်းနိုင်၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်သိန်း၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင်၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး၊ မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၊ လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း၊ နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး၊ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေး၊ တွန်းဇံမဲဆန္ဒနယ်မှ ဦးခမ်ခန့်ထန်၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်၊ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်းနှင့် ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်တို့ကလည်း ဆွေးနွေးကြသည်။

## အစီရင်ခံစာနှင့်စပ်လျဉ်း၍ ကျန်ရှိသည့်အစီအစဉ်များ ဆက်လက် ဆောင်ရွက်မည့်နေ့ရက်ကို ထပ်မံအသိပေးသွားမည်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို ဇူလိုင် ၁၅ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် လွှတ်တော်သို့ တင်သွင်းခဲ့ပြီး ယင်းအစီရင်ခံစာကို ဇူလိုင် ၃၀ ရက်က ကျင်းပသည့် အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် ၁၇ ဦး၊ ယနေ့ကျင်းပသည့် အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် ၂၄ ဦးတို့က ဆွေးနွေးခဲ့ကြပြီး ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ကျန်ရှိသည့်အစီအစဉ်များ ဆက်လက်ဆောင်ရွက်မည့်နေ့ရက်ကို ထပ်မံအသိပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးမြင့်၊ ဟန်မော်**

---

# ဖြူးချောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ မကြာမီရက်ပိုင်းအတွင်း လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည်

**နေပြည်တော် ဩဂုတ် ၁**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်သည် ယနေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဖြူးမြို့၏ အနောက်တောင်ဘက် ခုနစ်မိုင်ခန့်အကွာ ဖြူးချောင်းပေါ်တွင် တည်ဆောက်ထားသည့် ဖြူးချောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ၌ ဓာတ်အားပေးစက်များ ပြန်လည်မောင်းနှင် လည်ပတ်ရန် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများက ဓာတ်အားပေးစက်အား တစ်ဆင့်ချင်း စမ်းသပ်စစ်ဆေးနေပုံများကို ရှင်းလင်းတင်ပြကြသည်။ **(ယာပုံ)**



ယင်းနောက် ဒုတိယဝန်ကြီးသည် ဓာတ်အားထိန်းချုပ်ခန်းနှင့် Switchyard အတွင်း ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ပေါင်းစပ်ညှိနှိုင်း**

ထို့နောက် ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု၊ ရေယူ အဆောက်အအုံနှင့် ရေပိုလွှဲတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အင်ဂျင်နီယာမှူး ဦးခင်မောင်လွင်က ဖြူးချောင်းရေလှောင်တမံနှင့် ဆက်စပ်ရေအား အဆောက်အအုံများ၏ လက်ရှိကြံ့ခိုင်မှုနှင့် ထိန်းသိမ်းပြုပြင်ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များအား ဌာနတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြူးချောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ဖြူးချောင်းပေါ်တွင် တည်ဆောက်ထားပြီး ၂၀ မဂ္ဂါဝပ်ထွက်ရှိသော ဖရန်စစ်တာဘိုင် အမျိုးအစား စက်နှစ်လုံးဖြင့် စုစုပေါင်းတပ်ဆင်အင်အား မဂ္ဂါဝပ် ၄၀ ရှိကာ ဒီဇိုင်းအရ တစ်နှစ်ထုတ်လုပ်နိုင်မှုမှာ ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ ဖြစ်သည်။

ဓာတ်အားပေးစက်ရုံမှ ထွက်ရှိလာသော ဓာတ်အားများကို ၂၃၀ ကေဗွီ တောင်ငူ - ဖြူးချောင်း - ကွန်းချောင်း- သာယာကုန်း ဓာတ်အားလိုင်းဖြင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိရာ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် High Voltage မှ မီးလောင်မှုဖြစ်ပွားခဲ့၍ ဓာတ်အားပေးစက် အစိတ်အပိုင်းများ ချွတ်ယွင်း ပျက်စီးခဲ့သည့်အတွက် ဓာတ်အားပေးစက်နှစ်လုံးမှာ ဓာတ်အား ထုတ်လုပ်နိုင်မှုမရှိဘဲ ရပ်တန့်ထားခဲ့ရသည်။

**ရာခိုင်နှုန်းပြည့်စမ်းသပ်မောင်းနှင်ပြီးဖြစ်**

အဆိုပါ ချွတ်ယွင်းမှုဖြစ်ပေါ်ခဲ့သော ဓာတ်အားပေးစက်ပစ္စည်းအစိတ်အပိုင်းများအား ပြန်လည်အစားထိုးလဲလှယ်နိုင်ရေးနှင့် ဓာတ်အားအမြန်ပြန်လည် ထုတ်လုပ်နိုင်ရေးအတွက် ကျွမ်းကျင် အင်ဂျင်နီယာဝန်ထမ်းများနှင့် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုအခါ ဓာတ်အားပေးစက်ပစ္စည်း အစိတ်အပိုင်းများကို ရာခိုင်နှုန်းပြည့် တပ်ဆင်စမ်းသပ်မောင်းနှင်ခဲ့ပြီးဖြစ်၍ မကြာမီရက်ပိုင်းအတွင်း ဓာတ်အားပေးစက်များ ပြန်လည်မောင်းနှင်၍ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆွစ်ဇာလန်နိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနား ကျင်းပ

**ရန်ကုန် ဩဂုတ် ၁**

ဆွစ်ဇာလန်နိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ရှိ Melia Hotel ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်ဇနီး ဒေါ်ခိုင်နွယ်ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် ဆွစ်ဇာလန်နိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး Mr. Tim Enderlin နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ သံအမတ်ကြီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ညှော်ခံပွဲသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်နှင့်ဇနီး ဒေါ်ခိုင်နွယ်ဦး၊ ဆွစ်ဇာလန်သံအမတ်ကြီး Mr.Tim Enderlin နှင့် တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာချန်းဟိုင်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့် မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

**နေပြည်တော် ဩဂုတ် ၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်နှင့် အဖွဲ့အား ယနေ့ညနေ ၃ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ညှော်ခန်းမ- ၁ ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ- တရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင်ရေး၊ ကုန်သွယ်မှုလျင်မြန်လွယ်ကူချောမွေ့စေရေးနှင့် ရေထွက်ကုန်ပစ္စည်းများ၊ လယ်ယာထွက်ကုန်ပစ္စည်းများ တရုတ်နိုင်ငံသို့ တိုးမြှင့်တင်ပို့နိုင်ရေး၊ မြန်မာ - တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် ဆောလျင်စွာ တည်ထောင်အကောင်အထည်ဖော်နိုင်ရေးအတွက် နှစ်နိုင်ငံတာဝန်ခံဝန်ကြီးဌာနများအကြား ဆွေးနွေးညှိနှိုင်းမှုများ စတင်ဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံ ပြည်သူချင်း၊ အစိုးရချင်း၊ စီးပွားရေးလုပ်ငန်းချင်း ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ကော့သောင်းနယ်စပ်ဂိတ်မှ မြန်မာရွှေ့ပြောင်းအလုပ်သမားများ ပြန်လည်လက်ခံ

**ကော့သောင်း ဩဂုတ် ၁**

ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် မြန်မာရွှေ့ပြောင်းအလုပ်သမား အမျိုးသား ၈၆ ဦး၊ အမျိုးသမီး ၁၆ ဦးနှင့် ကလေးငယ်တစ်ဦး ပါဝင်သော အလုပ်သမား ၁၀၃ ဦးကို ထိုင်းနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနမှ တာဝန်ရှိသူများက ယမန်နေ့ညနေပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းနယ်စပ်ဂိတ်သို့ ရေလမ်းကြောင်းမှတစ်ဆင့် မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ရာ ဌာနဆိုင်ရာတာဝန်ရှိသူများက လက်ခံခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါ မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ထိုင်းနိုင်ငံတွင် နယ်စပ်ဖြတ်ကျော်ခွင့် သက်တမ်းလွန်ခြင်းနှင့် အထောက်အထားမဲ့နေထိုင်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံဆိုင်ရာဥပဒေများအရ အရေးယူခံရပြီး မြန်မာနိုင်ငံသို့ပြန်လည်လွှဲပြောင်းပေးခဲ့ခြင်း ဖြစ်သည်။

ပြန်လည်ရောက်ရှိလာသည့် ရွှေ့ပြောင်းအလုပ်သမားများကို ကော့သောင်းခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုလက်ခံကြပြီး ပြည်သူ့ကျန်းမာရေးဌာနမှ လိုအပ်သည့် ကျန်းမာရေးပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ပေးကာ ၎င်းတို့၏နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာပြန်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**





# ကဝမြို့နယ်တွင် စွမ်းအားမြှင့်မီးဖိုဖြန့်ဖြူးခြင်းစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲနှင့် စီမံကိန်းတွင် ပါဝင်သူများ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**ပဲခူး ဩဂုတ် ၁**

စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားရာသီဥတုပြောင်းလဲမှု ဗဟိုဌာနတို့ ပူးပေါင်းဆောင်ရွက်သော ကဝမြို့နယ် စွမ်းအားမြှင့်မီးဖိုဖြန့်ဖြူးခြင်း စီမံကိန်း စတင်ခြင်း အလုပ်ရုံဆွေးနွေးပွဲနှင့် စီမံကိန်းတွင်ပါဝင်သူများ ညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းအောင်၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် ကျေးရွာအုပ်စုတာဝန်ခံများ၊ စီမံကိန်းတွင်ပါဝင်သော ကျေးရွာအုပ်ချုပ်ရေးမှူး ၇၈ ဦး တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက စွမ်းအားမြှင့် မီးဖိုဖြန့်ဖြူးခြင်း ရည်ရွယ်ချက်နှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြီး ကျေးရွာအုပ်ချုပ်ရေးမှူးများက တင်ပြဆွေးနွေးချက်များကို ပြန်လည်ရှင်းလင်းခဲ့သည်။

**သတင်းစဉ်**

# ကမာရွတ်မြို့နယ်၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**ရန်ကုန် ဩဂုတ် ၁**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၌ မှုခင်းကျဆင်းရေးအတွက် အသိပညာပေးဟောပြောပွဲများ ကျင်းပလျက်ရှိရာ ဇူလိုင် ၃၁ ရက်က ကမာရွတ်မြို့နယ် အမှတ်(၅)ရပ်ကွက်မှ ပြည်သူများအား ဘုရားလမ်းထိပ်ဓမ္မာရုံ၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဟန်နှင့် မြို့မရဲစခန်းမှူး ဒုရဲမှူး မျိုးဦးတို့က မှုခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအတွက် သတိထားလိုက်နာရမည့် အချက်များနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်းကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# ရခိုင်ပြည်နယ်အစိုးရအနေနဲ့ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်နေပါတယ်

**တင်မောင်လွင်၊ အောင်ရဲသွင်၊ ဓာတ်ပုံ - မောင်သွင်**

ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံမှ ဆောင်ရွက်လျက်ရှိရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများသည် အရေးကြီးသည့် ကဏ္ဍမှ ပါဝင်နေပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခြင်းသည် ဒေသတည်ငြိမ်အေးချမ်းရေး အခြေခံအုတ်မြစ် ဖြစ်သည့်အတွက် လက်ရှိရခိုင်ပြည်နယ်အတွင်း ပြည်တွင်း ပြည်ပမှ လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နေသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာထူးမင်းသိမ်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**မေး။ ။လက်ရှိရခိုင်ပြည်နယ်မှာ ဌာနအနေနဲ့ ဆောင်ရွက်မှုအခြေအနေတွေကို သိလိုပါတယ်။**

ဖြေ။ ။ကျွန်တော်တို့ဌာနအနေနဲ့ ဆောင်ရွက်ရတဲ့ အပိုင်း(၂)ပိုင်းရှိပါတယ်။ ကုမ္ပဏီဖွဲ့စည်းခြင်း မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်နဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းစဉ် ဆိုပြီးရှိပါတယ်။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းစဉ်မှာ ရခိုင်ပြည်နယ်အတွင်းရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေကို ရင်းနှီးမြှုပ်နှံမှု ဥပဒေနဲ့အညီ ခွင့်ပြုပေးဖို့ ကော်မတီဖွဲ့စည်းပေးထားတာ ရှိပါတယ်။ ဒီကော်မတီဟာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအရ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ဖွဲ့စည်း ထားတာဖြစ်ပါတယ်။ အရင်ကတော့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဆိုပြီး ပြည်ထောင်စုအဆင့်မှာပဲ ရှိပါတယ်။ ရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်အရ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို လုပ်ပိုင်ခွင့် ခွဲဝေပေးအပ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်မှာလည်း ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီ ကဲ့သို့ ကော်မတီတွေ ဖွဲ့စည်းပေးထားပါတယ်။ ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီမှာဆိုရင် ကော်မတီ ဥက္ကဋ္ဌဟာ ပြည်နယ်ဝန်ကြီးချုပ် ဖြစ်ပြီး အဖွဲ့ဝင် ခုနစ်ဦးရှိပါတယ်။

ကော်မတီကို ရင်းနှီးမြှုပ်နှံမှုဥပဒေအရ အတည်ပြု လျှောက်ထားလာတဲ့ လုပ်ငန်းတွေရှိပါတယ်။ အရင်တုန်းကတော့ အတည်ပြုလျှောက်ထားတဲ့ လုပ်ငန်းတွေ အားလုံးကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှာပဲ တင်ပြရပါတယ်။ ခုအချိန်မှာတော့ ကျွန်တော်တို့ ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီကို တင်ပြလာတဲ့ လုပ်ငန်းတွေကို လုပ်ပိုင်ခွင့် ခွဲဝေထားတာ ရှိပါတယ်။ ပထမဆုံး အချက်ကတော့ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ငါးသန်း (မြန်မာကျပ်ငွေ သန်း ၆၀၀၀) အထိရှိတဲ့ လုပ်ငန်းတွေ ဆိုရင် ပြည်နယ်ကော်မတီကနေ ခွင့်ပြုမိန့်ပေးအပ်လို့ရပါတယ်။ ဒါကြောင့် လုပ်ငန်း ဆောင်ရွက်လိုတဲ့ ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ ယခင်ကလို ရန်ကုန်တစ်ခုတည်းမှာပဲ ဆောင်ရွက်စရာမလိုဘဲ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ဆောင်ရွက်လို့ရပါတယ်။

**မေး။ ။ရခိုင်ပြည်နယ်မှာ ရင်းနှီးမြှုပ်နှံဖို့ လာရောက်လျှောက်ထားတဲ့ ကုမ္ပဏီတွေ အနေနဲ့ ပြည်နယ်အတွင်းမှာ ဘယ်လိုကဏ္ဍတွေကို အဓိက လျှောက်ထားပါသလဲ။**

ဖြေ။ ။ကျွန်တော်တို့ ကော်မတီဖွဲ့စည်းပြီးတဲ့အချိန် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လျှောက်ထားတာတွေမှာ အဓိကအားဖြင့် မြန်မာနိုင်ငံသားတွေ ပိုများပါတယ်။ ကော်မတီကနေ အတည်ပြုမိန့် ပေးအပ်လိုက်တဲ့ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း စုစုပေါင်း ခြောက်ခုရှိပါပြီ။ ဒီလုပ်ငန်း ခြောက်ခုထဲမှာ မြန်မာနိုင်ငံသားက ငါးခုရှိပြီး လုပ်ငန်းတွေအနေနဲ့ အဓိက စက်မှုလုပ်ငန်း သုံးခု၊ ဟိုတယ်လုပ်ငန်းနှစ်ခု ရှိပါတယ်။ နောက်ဆုံးပေးလိုက်တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဆိုရင်လည်း စက်မှုလုပ်ငန်း အမျိုးအစားထဲမှာ ပါဝင်တဲ့ အအေးခန်းစက်ရုံလုပ်ငန်း ဖြစ်ပါတယ်။

**မေး။ ။ဒီလိုမျိုးရင်းနှီးမြှုပ်နှံမှုတွေ ခွင့်ပြုပေးနေခြင်းဟာ ရခိုင်ပြည်နယ်အတွက် ဘယ်လို အကျိုးကျေးဇူးတွေ ဖြစ်လာနိုင်ပါသလဲ။**

ဖြေ။ ။အဓိကအားဖြင့် ကျွန်တော်တို့လို နိုင်ငံတွေမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေဟာ လိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှ မဟုတ်ဘူး နိုင်ငံတကာမှာလည်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ကိုယ့်နိုင်ငံကို ဝင်ရောက်လာအောင် အပြိုင်အဆိုင် ဖိတ်ခေါ်နေတဲ့ အခြေအနေပဲ ဖြစ်ပါတယ်။ ဒီလို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာခြင်းအားဖြင့် နိုင်ငံအတွင်းမှာ နိုင်ငံခြားငွေတွေ စီးဝင်လာမယ်။ နောက်ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် နည်းပညာနဲ့ ဒေသတွင်းအလုပ်အကိုင်တွေ ရရှိလာမှာဖြစ်ပါတယ်။ အခု နောက်ဆုံး လျှောက်ထားတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဆိုရင် အပိုင်း(၂)ပိုင်းပါဝင် ပါတယ်။ ပုစွန်မွေးမြူရေးအပိုင်းနဲ့ အအေးခန်းစက်ရုံလုပ်ငန်းဖြစ်ပါတယ်။ ဒါဟာ သူတို့အနေနဲ့ ရခိုင်ပြည်နယ်မှာ ပထမဆုံးခြေလှမ်းဖြစ်ပါတယ်။ အရင်က ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ အအေးခန်းစက်ရုံလုပ်ငန်းဟာ အတော်လေးအားကောင်းခဲ့ပါတယ်။ အခု နောက်ပိုင်းမှာ ကုန်ကြမ်းရှားပါးလာပြီး နည်းပညာကြောင့်ပါ အအေးခန်း လုပ်ငန်းတွေဟာ အရှိန်ကျသွားပါတယ်။ ဒီအခြေအနေမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လာရောက်ဆောင်ရွက်တဲ့အတွက် သူတို့ရဲ့နည်းပညာတွေ ပါလာမယ်။ နောက်ပြီး မွေးမြူရေးလုပ်ငန်းမှာလည်း သူတို့ရဲ့ နည်းပညာတွေနဲ့ မွေးပြီး စက်ရုံလည်ပတ်ဖို့ လိုအပ်တဲ့ ကုန်ကြမ်းရဖို့အတွက်လည်း ဒေသခံတွေရဲ့ မွေးမြူရေးလုပ်ငန်းတွေကို မျိုးနဲ့ နည်းပညာတွေပေးပြီး ထွက်လာတဲ့ကုန်ကြမ်းတွေကိုလည်း စက်ရုံကပြန်သုံးမယ်စသဖြင့် တိုးချဲ့သွားဖို့ ရှိပါတယ်။ ဒေသတွင်းမှာ တဖြည်းဖြည်းကျဆင်းလာတဲ့ ငါး၊ ပုစွန် ထုတ်လုပ်မွေးမြူရေး ကဏ္ဍမှာ အများကြီး တိုးတက်လာနိုင်တဲ့အတွက် ဒေသကို များစွာအထောက်အကူပြုမှာ ဖြစ်ပါတယ်။

**မေး။ ။ရခိုင်ပြည်နယ်အတွင်းမှာ နောက်ထပ် ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်လာမယ့် သူတွေကို ဘယ်လို အကြံပြုချက် ပေးလိုပါသလဲ။**

ဖြေ။ ။ကျွန်တော်တို့ဆီမှာ ရင်းနှီးမြှုပ်နှံမှုတွေ အများကြီးလိုအပ်နေပါတယ်။ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာခြင်းအားဖြင့် နယ်မြေတစ်ခုက အများကြီး ဖွံ့ဖြိုးတိုးတက်သွားမယ်။ လက်ရှိရခိုင်ပြည်နယ်မှာ အလုပ်အကိုင်အခွင့်အလမ်း နည်းနေတယ်။ ဒီလိုမျိုး


ညွှန်ကြားရေးမှူး ဒေါက်တာထူးမင်းသိမ်း

စက်ရုံ၊ အလုပ်ရုံတွေများစွာ ဝင်ရောက်လာမယ်ဆိုရင် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးတက်လာပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမယ်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာခြင်းသည် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် အခြေခံ အုတ်မြစ် ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကလည်း ရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်နေပါတယ်။ ပြည်နယ်အစိုးရကလည်း ဖိတ်ခေါ်နေပါတယ်။ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်မယ်ဆိုရင်လည်း အမြန်ဆုံးဖြစ်နိုင်အောင် ဆောင်ရွက်ပေးပါတယ်။ နောက်ပြီး လုပ်ငန်းဆောင်ရွက်တဲ့အခါမှာ ဖြစ်စေချင်တာက လုပ်ငန်းကြီးစရာမလိုပါဘူး။ တကယ်ဖြစ်နိုင် လောက်မယ့် ပမာဏကနေစပြီး လုပ်စေချင်ပါတယ်။ ။

# မျိုးစေ့ကဏ္ဍဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၁**

မျိုးစေ့ကဏ္ဍဘက်စုံဖွံ့ဖြိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတွင် ကျင်းပရာ အဆိုပါအစည်းအဝေးသို့ စိုက်ပျိုးရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဒေါက်တာရဲတင့်ထွန်း၊ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသောဦးသက်ဇင်မောင်၊ ဦးဇော်ထွန်းမြင့်၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်မျိုးစေ့တာဝန်ခံများ၊ မျိုးစေ့ထုတ်ခြံများမှ ခြံတာဝန်ခံများတက်ရောက် ဆွေးနွေးကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနသည် စီးပွားရေးတွက်ခြေကိုက်ပြီး အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်များအား တောင်သူလယ်သမားများ သုံးစွဲစိုက်ပျိုးနိုင်စေရန်၊ အရည်အသွေးကောင်းသီးနှံမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးရန်၊ မျိုးစေ့အရည်အသွေးထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန်၊ ပုဂ္ဂလိကမျိုးစေ့လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အမျိုးသားမျိုးစေ့မူဝါဒရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ မိမိတို့စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကြိုးပမ်းလျက်ရှိရာ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးလာစေရေး မျိုးစေ့ထုတ်ကွန်ရက်တွင် ပါဝင်ကြသည့် ပုဂ္ဂလိက၊ တောင်သူ၊ လုပ်ငန်းရှင်များအားလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ နည်းပညာ မျှဝေဖလှယ်ခြင်း၊ မျိုးစေ့ဥပဒေပါ ပြဋ္ဌာန်းချက်များအား တိကျစွာလိုက်နာခြင်း၊ ဥပဒေပါ အကြောင်းအရာများအား သိရှိနားလည်ရုံမျှမက မိမိတို့ နယ်ပယ်အလိုက် ကြုံတွေ့ကြရသည့် တွေ့ရှိချက်များအရ ပြင်ဆင်ဖြည့်စွက်ရန်တွေ့ရှိပါကသက်ဆိုင်ရာတာဝန်ရှိသူများမှတစ်ဆင့် အကြံပြုတင်ပြခြင်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်လိုအပ်ကြောင်း၊ ပြည်ပမှ မျိုးစေ့များ တင်သွင်းစိုက်ပျိုးဆောင်ရွက်သကဲ့သို့ ပြည်တွင်းဒေသမျိုးများ အဆင့်မြှင့်တင်အသုံးပြုနိုင်ရေးနှင့် ကုန်ချောထုတ်လုပ်မှုလိုအပ်ချက်အရအသုံးပြုမှုအပေါ် မူတည်သော သီးနှံမျိုးကွဲအလိုက် မျိုးစေ့များသီးခြားစီရွေးထုတ်သုတေသနပြုခြင်းလုပ်ငန်းများကိုဆောင်ရွက်ရန်လိုကြောင်း ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ဆွေးနွေးပြောကြားသည်။

ထို့အပြင် ခေတ်မီစက်ကိရိယာများသုံးစွဲ၍ အရည်အသွေးမြင့် မျိုးစေ့များထုတ်လုပ်နိုင်ရေးအတွက် လိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်နိုင်ရန်၊ စီမံချက်များရေးဆွဲတင်ပြကြရန်နှင့် အခြေအနေပေးသည့် မျိုးစေ့ခြံများအနေဖြင့် စပါးသီးနှံအတွက်သာမက ဈေးကွက်တောင်းဆိုမှုရှိသည့် ပဲမျိုးစုံနှင့်ဆီထွက် သီးနှံကဲ့သို့သောအရေးကြီးသီးနှံမျိုးစေ့များထုတ်လုပ်နိုင်ရေးနှင့် ကော်ဖီ၊ ဝါ၊ ကြံ၊ ရော်ဘာသီးနှံများကိုတီထွင်ကြံဆဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မျိုးစေ့လုပ်ငန်းတာဝန်ယူထားကြသော်လည်း ဒေသအသီးသီးတွင် ကျရောက်လျက်ရှိသည့် ငမြှောင်တောင်နှင့် ပတ်သက်၍ မျက်ခြည်မပြတ် လေ့လာကြရန်၊ စိုက်ပျိုးသူတောင်သူလယ်သမားများ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပညာပေးခြင်း၊ ကြိုတင်အသိပေးခြင်းလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်လိုအပ်ပြီး ပြောင်းသီးနှံစိုက်ခင်းများ၌ ငမြှောင်တောင်ကျရောက်မှု အနည်းဆုံးအခြေအနေဖြစ်ပေါ်နေမှုအား ဆက်စပ်ဌာနများနှင့်ပူးပေါင်းလေ့လာပြီး မျိုးသစ်ထုတ်လုပ်ရာတွင် အထောက်အပံ့ကောင်းဖြစ်စေမည့် အချက်အလက်များစုဆောင်းနိုင်ရေးဆိုင်ရာများကို ၎င်းက ဆက်လက်ဆွေးနွေးပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်မျိုးစေ့တာဝန်ခံများ၊ မျိုးစေ့ထုတ်ခြံများမှ ခြံတာဝန်ခံများကဆောင်ရွက်ဆဲလုပ်ငန်းများနှင့်ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းဆိုင်ရာများ၊ ကြုံတွေ့ရသော လုပ်ငန်းအခက်အခဲများအား တင်ပြကြရာ တာဝန်ရှိသူများကဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးကြကြောင်း သိရသည်။

**သိမ့်သိမ့်မိုး (မြန်မာ့အလင်း)**

# ဝိုင်းမော်မြို့နယ်အတွင်းရှိ နန်ဆန်ယန်ရွာလေးသို့ လိုအပ်သည်များ သွားရောက်ကူညီထောက်ပံ့ပေး

**ဝိုင်းမော် ဩဂုတ် ၁**

စစ်ပွဲများကြောင့် ပျက်စီးယိုယွင်းသွားခဲ့သော ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်းရှိ နန်ဆန်ယန်ရွာကလေးသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစီးသော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့်အဖွဲ့၊ ကချင်ပြည်နယ် စာကြည့်တိုက်များ ဖောင်ဒေးရှင်းအဖွဲ့၊ ပေးဆပ်သူပရဟိတအဖွဲ့နှင့် သက်ဆိုင်ရာအဖွဲ့များသည် ဇူလိုင် ၂၉ရက်က သွားရောက်ပြီး ဒေသခံများအား လိုအပ်သည်များ ကူညီထောက်ပံ့ ဖြည့်ဆည်းပေးခဲ့ကြကြောင်း သိရသည်။

ထို့နောက် ကချင်ပြည်နယ် စာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ သုတ၊ ရသ စာအုပ်များနှင့် ကျောင်းသား ကျောင်းသူ ၁၆၆ ဦးအတွက် ဗလာစာအုပ်နှင့် သင်ထောက်ကူပစ္စည်းများ၊ ပေးဆပ်သူ ပရဟိတအဖွဲ့မှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများအတွက် ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာဘူးနှင့် အချိုရည် (အမယ်စုံ) များကို ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်ပြီး နမ်ဆန်ယန်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်ပြီး ကျေးရွာသို့ပြန်လည်ဝင်ရောက်လာကြသည့် အိမ်ထောင်စု ၉၈ စု အတွက် စားသောက်ဖွယ်ရာများ၊ ရှေ့တန်းရောက် တပ်မတော်သားများအတွက် သုတ၊ ရသ စာအုပ် စာပေများကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

မြစ်ကြီးနား-လိုင်ဇာ-ဗန်းမော်ကားလမ်းပေါ်တွင် တစ်ချိန်က ကြက်ပျံမကျအောင် စည်ကားခဲ့သည့် အဆိုပါ နန်ဆန်ယန်ကျေးရွာလေးသည် စစ်ပွဲများကြောင့် ဆယ်စုနှစ်တစ်ခုနီးပါးမျှ လူသူကင်းမဲ့ကာ ပျက်စီးယိုယွင်းသွားခဲ့ပြီးနောက် ယခုအခါတွင် ကချင်ပြည်နယ် အစိုးရအဖွဲ့၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် ဒေသခံရပ်မိရပ်ဖများ၏ ကြိုးပမ်းအားထုတ်မှုကြောင့် ကျေးရွာအတွင်းတွင် အိမ်ထောင်စု ၉၈ စု စတင်နေထိုင်ကာ တစ်စတစ်စဖြင့် ပြန်လည်သက်ဝင်လာခြင်း ဖြစ်သည်။

“တကယ်တော့ ဒီအိမ်ထောင်စု ၉၈ စုဟာ နေထိုင်စရာ အိမ်မရှိသေးတဲ့အတွက် ခရစ်ယာန်ဘုရားကျောင်းဝင်းအတွင်းမှာ ဖြစ်သလို နေထိုင်နေတာ တွေ့ခဲ့ရတယ်။ ဒီလို နေထိုင်ရတာကို တွေ့တော့ သွေးချင်း ညီအစ်ကိုတွေ တကယ့်ကို စိတ်မကောင်းဖြစ်ခဲ့မိတယ်။ မလုံမခြုံ နေထိုင်နေရတဲ့ သူတို့ ဘဝအတွက် အိမ်ထောင်ပရိဘောဂပစ္စည်း၊ စားသောက်ဖွယ်ရာတွေပါ၊ နောက်ထပ်ကျန်းမာရေးစောင့်ရှောက်မှုတွေပါ လိုအပ်နေတာကို တွေ့ခဲ့ရပါတယ်။ လာရောက်လှူဒါန်းမယ့် စေတနာရှင်၊ အလှူရှင် ထပ်မံပေါ်ပေါက်စေချင်ပါတယ်။ ကျွန်တော်တို့ အဖွဲ့အနေနဲ့လည်း သူတို့တစ်တွေ စိတ်ဓာတ်ခွန်အား မြင့်စေဖို့ စာပေဟောပြောပွဲတွေအပြင် သုတ ရသ စာအုပ်တွေ၊ ကျောင်းသား ကျောင်းသူတွေအတွက် ဗလာစာအုပ်တွေနဲ့ သင်ထောက်ကူပစ္စည်းတွေ ထပ်မံလှူဒါန်းသွားဖို့ ဆုံးဖြတ်ထားပါတယ်”ဟု ကချင်ပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ စာရေးဆရာအကြီးကိုကိုက မြန်မာ့အလင်းသို့ ပြောသည်။

နန်ဆန်ယန်ကျေးရွာမှ ဒေသခံများသည် လွန်ခဲ့သည့် ၂၀၁၁ ခုနှစ်က ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် ဝိုင်းမော်နှင့် အနီးဝန်းကျင်မြို့များရှိ


နန်ဆန်ယန်ရွာ၌ ဒေသခံများအား ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။

စစ်ဘေးရှောင်စခန်းများသို့ ထွက်ပြေး တိမ်းရှောင်နေကြခြင်းဖြစ်ကြောင်း၊ နန်ဆန်ယန်ကျေးရွာတွင် မူလက နေထိုင်သူ အိမ်ထောင်စုပေါင်း နှစ်ထောင်ဝန်းကျင်ခန့်ရှိသော်လည်း ယခုအခါ အိမ်ထောင်စု ၉၈ စုသာ ပြန်လည်ဝင်ရောက်သေးပြီး နေအိမ်မပြင်ဆင်ရသေးသူများကို ကျေးရွာအတွင်းရှိ စိန်ပေါလ်ကစ်ကလစ် ခရစ်ယာန်ဘုရားကျောင်းတွင် နေရာထိုင်ခင်း စီစဉ်ပေးထားကြောင်း သိရသည်။

**မောင်မွှေး**

# မတ္တရာ၊ စလင်းနှင့် ပွင့်ဖြူမြို့နယ်တို့၌ မြစ်ရေဝင်၍ ယာယီပိတ်ထားရသော စာသင်ကျောင်း ၁၀၀ ကျော် ပြန်လည်ဖွင့်လှစ်

**မတ္တရာ ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၊ မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်တို့တွင် ဧရာဝတီမြစ်ရေဝင်မှုကြောင့် ယာယီပိတ်ထားရသော စာသင်ကျောင်းအားလုံး ယနေ့ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ပိတ်ထားခဲ့ရသော ရက်များအား ကျောင်းပိတ်ရက်များတွင် အစားထိုးဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

"ဧရာဝတီမြစ်ရေကတော့ ကျသွားပါပြီ။ ရေကတော့ ရှိနေသေးပါတယ်။ အန္တရာယ်မရှိတော့တဲ့ အခြေအနေမို့ ကျောင်းပြန်ဖွင့်တာပါ"ဟု မတ္တရာမြို့နယ်မှ အထက်တန်းကျောင်းအုပ်ဆရာကြီးတစ်ဦးက ပြောသည်။

မတ္တရာမြို့နယ်တွင် မြစ်ရေဝင်မှုကြောင့် အထက်တန်းကျောင်း သုံးကျောင်း၊ အထက်တန်းကျောင်းခွဲ ကိုးကျောင်း၊ အလယ်တန်းကျောင်း လေးကျောင်း၊ အလယ်တန်းကျောင်းခွဲ ခုနစ်ကျောင်း၊ မူလတန်းကျောင်း ၂၇ ကျောင်း၊ မူလတန်း(လွန်)ကျောင်း ၁၆ ကျောင်း၊ မူလတန်းကျောင်းခွဲတစ်ကျောင်း စုစုပေါင်း ကျောင်း ၆၇ ကျောင်းကို ယာယီပိတ်ထားခဲ့ရသည်။

အလားတူ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ယာယီပိတ်ထားရသည့် အခြေခံပညာစာသင်ကျောင်း ၁၄ ကျောင်းတွင် မူလတန်းကျောင်း ၁၁ ကျောင်း၊ အလယ်တန်းကျောင်းတစ်ကျောင်း၊ အထက်တန်းကျောင်းတစ်ကျောင်းနှင့် အထက်တန်းကျောင်းခွဲတစ်ကျောင်း စုစုပေါင်း ကျောင်း ၁၄ ကျောင်း ယာယီပိတ်ထားရကြောင်း သိရသည်။

ယခုလက်ရှိတွင် ပွင့်ဖြူမြို့နယ်အတွင်း ဧရာဝတီမြစ်ရေ ပြန်လည်ကျဆင်းသွားသဖြင့် ယာယီပိတ်ထားရသည့် စာသင်ကျောင်း ၁၄ ကျောင်းအနက် စာသင်ကျောင်း ၁၀ ကျောင်း ယနေ့တွင် ပြန်လည်ဖွင့်လှစ်၍ ပညာသင်ကြားပေးနေပြီဖြစ်ပြီး စာသင်ကျောင်း သုံးကျောင်းမှာ ဧရာဝတီမြစ်ရေဝင်နေဆဲဖြစ်၍ ဖွင့်လှစ်ရန် အဆင်မပြေသေးကြောင်း ပွင့်ဖြူမြို့နယ် ပညာရေးမှူးရုံးမှ တာဝန်ခံမြို့နယ်ပညာရေးမှူး ဦးနွေဝင့်ကျော် (ဒုတိယမြို့နယ်ပညာရေးမှူး)ထံမှ သိရသည်။



စလင်းမြို့နယ်၌ ဧရာဝတီမြစ်ရေကျဆင်းမှုကြောင့် ကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားနေမှုကို တွေ့ရစဉ်။

အဆိုပါ ယာယီပိတ်ထားသည့်ကျောင်းများအနက် ဇူလိုင် ၂၈ ရက်က ဧရာဝတီမြစ်ရေကျဆင်းသွားသဖြင့် ပွင့်ဖြူမြို့နယ် ငါးခြောက်ကျွန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် ဧရာဝတီမြစ်ရေများ ထပ်မံကျဆင်းသွား၍ ပွင့်ဖြူမြို့နယ် မြင်းခြံစုကျေးရွာ (အ.မ.က)၊ ကူကြီးကျေးရွာ(အ.မ.က)၊ ကျွန်းကလေးကျေးရွာ (အ.မ.က)၊ ကံလှကျေးရွာ(အ.မ.က)၊ ငှက်တောကုန်းကျေးရွာ (အ.မ.က)၊ ကြည်ကုန်းကျေးရွာ (အ.မ.က)၊ ကျောင်းစုကျေးရွာ (အ.မ.က)၊ ရေချမ်းစဉ်ကျေးရွာ(အ.မ.က)၊ ဇေယျာမြိုင်ကျေးရွာ (အ.မ.က)၊ ရှားတောကျွန်းကျေးရွာ(အ.ထ.က-ခွဲ) စုစုပေါင်း စာသင်ကျောင်း ၁၀ ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်သည်။

ထို့အတူ မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် မြစ်ကမ်းဘေးကျေးရွာများရှိ အခြေခံပညာကျောင်းများအတွင်းသို့ မြစ်ရေဝင်သဖြင့် ယာယီပိတ်ထားရသော စာသင်ကျောင်း ၂၆ ကျောင်းအား မြစ်ရေကျဆင်းသွားပြီးဖြစ်သဖြင့် ယနေ့မှစ၍ ကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်ကာ ကျောင်းသား ကျောင်းသူများအား ဆက်လက်ပညာသင်ကြားပေးလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

စလင်းမြို့နယ်အတွင်း ဇူလိုင် ၂၂ ရက်မှစ၍ ဧရာဝတီမြစ်ရေဝင်မှုကြောင့် အ.မ.က ၁၅ ကျောင်း၊ မူလတန်းလွန် ခြောက်ကျောင်း၊ အ.လ.က နှစ်ကျောင်း၊ အ.ထ.က(ခွဲ) နှစ်ကျောင်း၊ အ.ထ.က တစ်ကျောင်း စုစုပေါင်း ၂၆ ကျောင်း ယာယီပိတ်ထားရပြီး ယခုအခါ မြစ်ရေကျဆင်းသွားပြီဖြစ်သဖြင့် အဆိုပါကျောင်းများအားလုံး ယနေ့မှစ၍ ကျောင်းများဖွင့်လှစ် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

ယခုအခါ ကျောင်းအားလုံး ပုံမှန်အတိုင်း ပြန်လည်ဖွင့်နေပြီဖြစ်ပြီး ပိတ်ထားခဲ့ရသောရက်များအား ကျောင်းပိတ်ရက်များတွင် အစားထိုးဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)၊ ရဲဝင်းနိုင်(ညောင်ဦး)၊ စိုးမိုးသူ(စလင်း)**

# ခပေါင်းရေလှောင်တမံ၏ အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက လှည့်ထူရမည့်အလံများပေးအပ်

**တောင်ငူ ဩဂုတ် ၁**

ခပေါင်းချောင်းဘေးရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများအား ခပေါင်းရေလှောင်တမံ အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက လွှင့်ထူရမည့် အလံပေးအပ်ပွဲကို ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီက ခပေါင်းဆည်တမံရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းနားတွင် အုတ်တွင်းမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းအေးက အမှာစကားပြောကြားပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၅)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကိုကိုထွန်းက ခပေါင်းရေလှောင်တမံ၏ အခြေအနေ စိုးရိမ်မှုမရှိစေရန်နှင့် ကောလာဟလ သတင်းများကို မယုံကြည်ကြရန် ကြိုတင်စီမံထားသည့် ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ဦးစီးအရာရှိ ဦးမျိုးအောင်ဇင်က ခပေါင်းရေလှောင်တမံ၏ အပေါ် အခြေအနေ အဆင့်(၁)၊ အဆင့်(၂)၊ အဆင့်(၃) သတ်မှတ်ထားသည့် အလံအရောင်များ သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ကျေးရွာအုပ်ချုပ်ရေးမှူးများကို အလံများ ပေးအပ်ခဲ့သည်။

ခပေါင်းဆည် အခြေအနေကို လေ့လာတက်ရောက်လာသည့် ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးက "ကောလာဟလ ဖြစ်ပေါ်နေတဲ့ အချိန်မှာတော့ စိုးရိမ်စိတ်ရှိခဲ့တယ်။ အခု မျက်မြင်တွေ့ရတော့ စိုးရိမ်ရေချိန်အမှတ်မပြောနဲ့ ဆည်ထဲမှာ ရေတောင်နည်းနေတာ တွေ့ရတယ်။ ဆည်ရေလျှံဖို့ဆိုတာ ပေ ၅၀ နီးပါးလောက် လိုပါသေးတယ်"ဟု ပြောကြားခဲ့သည်။



ခပေါင်းရေလှောင်တမံအတွင်း လက်ရှိရေဝင်ရောက်နေမှု အခြေအနေကို တွေ့ရစဉ်။

အဆိုပါ ခပေါင်းရေလှောင်တမံကို ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ခပေါင်းချောင်းနှင့် ပရိုင်းချောင်းဆုံရာ အောက်ဘက် ၁ ဒသမ ၂၅ မိုင်ခန့်အကွာတွင်တည်ဆောက်ထားပြီး ရေလှောင်တမံ၏ အောက်ဘက် ၅ မိုင်ခန့်အကွာတွင် ရေလွှဲဆည်ကို တည်ဆောက်ထားကာ တောင်ငူမြို့နယ်နှင့် အုတ်တွင်းမြို့နယ်အတွင်းရှိ ဆည်ရေသောက်ဧရိယာများကို ရေပေးဝေလျက်ရှိသည်။ တမံအမျိုးအစားမှာ မြေသားတမံအမျိုးအစားဖြစ်ကာ အမြင့်ပေ ၂၀၀၊ အလျားပေ ၉၂၀ ရှိပြီး ကန်ရေပြည့်ရေလှောင်ပမာဏ ၈၇၅၇၀ ဧကပေရှိပြီး လက်ရှိအခြေအနေမှာ စိုးရိမ်ရေချိန်အမှတ်ရောက်ရန် ပေ ၅၀ ခန့် လိုသေးကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**သူရ(တောင်ငူ)**



မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေနစ်မြုပ်နေသည့် စာသင်ကျောင်းတစ်ကျောင်း။

# သံဖြူဇရပ်မြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်

**သံဖြူဇရပ် ဩဂုတ် ၁**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီမှစ၍ မိုးသည်းထန်စွာရွာသွန်းသဖြင့် စခန်းကြီးကျေးရွာ၌ တောင်ကျရေများအရှိန်ကြောင့် စခန်းကြီးချောင်းရေလျှံကာ သံဖြူဇရပ်-ရေး မော်တော်ကားလမ်းမိုင်တိုင်အမှတ် (၄၈/၃) မှ (၄၈/၅)ကြား (၅၀/၀)မှ (၅၀/၂)ကြား ဝယ်တော်ကျေးရွာ မိုင်တိုင်အမှတ် (၅၁/၂) မှ (၅၁/၄) ကြားအထိ လမ်းပေါ်သို့ ရေအမြင့်ပေ တစ်ပေခန့် ရေကျော်လျက်ရှိသည်။

ထို့အတူ ကားလမ်းဘေးရှိ အလက(ခွဲ)စခန်းကြီး စာသင်ကျောင်းမှာလည်း ရေဝင်ရောက်လျက်ရှိသောကြောင့် ခေတ္တကျောင်းပိတ်ထားရကြောင်း သိရသည်။ မော်တော်ယာဉ်များ ဖြတ်သန်းမောင်းနှင်မှု အဆင်ပြေစေရေးအတွက် သံဖြူဇရပ်မြို့နယ်ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များမှ ယာဉ်အန္တရာယ်ကင်းရှင်းရေး ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ကျောက်ကြီးမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့

**ကျောက်ကြီး ဩဂုတ် ၁**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ပဲခူးရပ်ကွက် မြို့တွင်းဘုန်းတော်ကြီးကျောင်း၊ မိုးကုတ်ရိပ်သာဓမ္မာရုံ၌ ယနေ့ညနေ ၄ နာရီက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန တိုင်းဒေသကြီး ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာ ခုနစ်ရက်စာ ထောက်ပံ့ငွေပေးအပ်ခဲ့ကြောင်း သိရသည်။

ကျောက်ကြီးမြို့နယ်အတွင်း ချောင်းရေဝင်၍ ရေကြီးနစ်မြုပ်နေသည့် ပဲခူးရပ်ကွက်၊ တောင်ငူတန်းရပ်ကွက်နှင့် ကပ်ကျေးရပ်ကွက်တို့ရှိ အိမ်ထောင်စု ၃၂ စုမှ ရေဘေးသင့်ပြည်သူ ၁၄၁ ဦးအတွက် ဆန်ရိက္ခာဖိုးခုနစ်ရက်စာ ငွေကျပ် ၂၉၆၁၀၀ ကို မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူက ရေဘေးရှောင်ပြည်သူများထံသို့ ပေးအပ်ခဲ့သည်။ **ကိုသားကြီး(ကျောက်ကြီး)**

# သဘာဝဘေးကြောင့် ပျက်စီးသွားသော ရေထိန်းတံခါးနှင့် တာပေါင်ပြန်လည်ပြုပြင်

**ခန္တီး ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်တွင် ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေသည် အရှိန်အဟုန် မြင့်တက်လာရာ စိုးရိမ်အမှတ်ထက် ၁၄၄၀ စင်တီမီတာသို့ ရောက်ရှိပြီး ခန္တီးမြို့တွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ကာ အောင်သာရေထိန်းတံခါး ဘေးဝဲယာနှင့် ချင်းတွင်းမြစ်ဘေးတာပေါင်များ ရေတိုက်စားပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ခန္တီးမြို့တွင်း ချင်းတွင်းမြစ်ရေဝင်ရောက်ခဲ့သော အောင်သာရေထိန်းတံခါးဘေးဝဲယာနှင့် ချင်းတွင်းမြစ်ဘေးတာပေါင်များ ရေတိုက်စားပျက်စီးမှုများဖြစ်ပေါ်ခဲ့သော နေရာများအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဆင့်နှင့် ကော်မတီဝင်များ၊ စည်ပင်သာယာရေး ကော်မတီနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က မြေတူးစက်တစ်စီးနှင့် မြေသယ်ကား နှစ်စီးတို့ဖြင့် တာပေါင်များမြေဖို့ခြင်း၊ ရေထိန်းတံခါး ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ရေထိန်းတံခါးက မြို့ရိုးတာပေါင်အောက် နိမ့်နေတော့ မြစ်ရေတက်လာပြီဆိုရင် မြို့တွင်းမြေနိမ့်ပိုင်းနေရာသို့ ရေထိန်းတံခါးနေရာမှ မြစ်ရေအရင်ဝင်တော့တာပဲ။ မြစ်ရေစဝင်လာတဲ့ ရေထိန်းတံခါးနှင့် တာပေါင်အနိမ့်ပိုင်းနေရာတွေကို မြေဖို့ပြုပြင်လိုက်တော့ ခန္တီးမြို့အတွက် စိတ်ချရပြီ"ဟု ဒေသခံ ကိုရှမ်းလေးက ပြောသည်။

**ချန်လော(ခန္တီး)**

# မနုဖြူမြို့နယ်၌ မြစ်ကမ်းပါးပြိုကျမှုကြောင့် ရွှေ့ပြောင်းနေအိမ် ၃၇ လုံးရှိ မိသားစုဝင်များအား ထောက်ပံ့

**မနုဖြူ ဩဂုတ် ၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မနုဖြူမြို့နယ် ကမ်းငူကြီးကျေးရွာအုပ်စု ရွှေဇင်ကျွန်းကျေးရွာရှိ မြစ်ကမ်းပါးပြိုကျမှုကြောင့် ရွှေ့ပြောင်းနေအိမ် ၃၇ လုံးရှိ မိသားစုဝင်များအား ဇူလိုင် ၃၁ ရက် နံနက် ၁၁ နာရီခွဲက ထောက်ပံ့ကြေး ပေးအပ်ခဲ့သည်။

အဆိုပါ ပြောင်းရွှေ့နေအိမ် ၃၇ လုံးရှိ မိသားစုဝင်များအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန မအူပင်ခရိုင်ဦးစီးဌာနမှူးရုံးမှ တာဝန်ရှိသူများသည် ဇူလိုင် ၂၉ ရက်က ကမ်းပြိုမှုကြောင့် ကြိုတင်ရွှေ့ပြောင်းဖျက်သိမ်းနေအိမ် ၃၇ လုံးရှိ အိမ်ထောင်စု ၃၇ စုမှ လူဦးရေ ၁၄၃ ဦးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၃၇၀၀၀၀၀၊ ဆန်ရိက္ခာ ခုနစ်ရက်စာ ရန်ပုံငွေကျပ် ၃၀၀၃၀၀ စုစုပေါင်း ရန်ပုံငွေကျပ် ၄၀၀၀၃၀၀ အား မနုဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၏ရှေ့မှောက်တွင် ပြည်သူများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်သူဟိဏ်း(မနုဖြူ)**

# ဒုတိယအကြိမ် တောင်သုံးလုံးဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲနှင့် တောင်အဆင်းလမ်းကြမ်းပြိုင်ပွဲ ကျင်းပမည်

**မန္တလေး ဩဂုတ် ၁**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံစက်ဘီးစီးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ Myanmar Free Rider (MFR) မှ ကြီးမှူး၍ ဒုတိယအကြိမ် တောင်သုံးလုံးဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲနှင့် တောင်အဆင်းလမ်းကြမ်းပြိုင်ပွဲကို ဩဂုတ် ၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း MFR မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါပြိုင်ပွဲကို ဩဂုတ် ၃ ရက် နံနက် ၆ နာရီတွင် ၂၆လမ်း မန္တလေးမြို့တော်ခန်းမရှေ့မှ စတင်ထွက်ခွာပြီး ၂၆ လမ်းမှ လမ်း(၈၀)၊ လမ်း(၈၀)မှ (၁၂)လမ်း၊ ၁၂လမ်းမှ မန္တလေးတောင်တက်လမ်း၊ မန္တလေးတောင်တက်လမ်းမှ မန္တလေးတောင်အဆင်းလမ်း၊ ထိုမှတစ်ဆင့်-မတ္တရာအထွက်လမ်း-သံလမ်းအကျော်မှ အရှေ့ဘက်သို့ ကွေ့ကာ-လယ်တောလမ်း၊ ထို့မှတစ်ဆင့် YHBC 3 လမ်းဟောင်း-ရန်ကင်းတောင်အထွက်လမ်း-ရန်ကင်းတောင်အဆင်းလမ်း၊ ထို့မှတစ်ဆင့် (မန္တလေး-ပြင်ဦးလွင်)လမ်းသစ်မုခ်ဦး-ရေတံခွန်တောင်သို့သွားသည့် တောလမ်းတစ်လျှောက်-ရေတံခွန်တောင်တက်လမ်းအတိုင်း ထူးမဘုန်းကြီးကျောင်းတွင် ပန်းဝင်မည်ဖြစ်ပြီး တောင်အဆင်းလမ်းကြမ်းပြိုင်ပွဲမှာ ရေတံခွန်တောင်ဘေးရှိ နေကာတောင်ထိပ်မှ တောင်ခြေအဆုံးတွင် ပန်းဝင်မည်ဖြစ်သည်။

ပြိုင်ပွဲကို မန္တလေးတောင်၊ရန်ကင်းတောင်၊ ရေတံခွန်တောင်တို့ကို ဖြတ်ကျော်၍ စက်ဘီးစီးနင်းကာ တောင်တက်ပြိုင်ပွဲ၊ တောင်ဆင်းလမ်းကြမ်းပြိုင်ပွဲနှင့် ကွင်းပတ်လမ်းပြိုင်ပွဲ ကစားနည်းများအပါအဝင် ခရီးအကွာအဝေး ၂၃ မိုင်ရှိကြောင်း သိရသည်။

ပြိုင်ပွဲဝင်ကြေးအနေဖြင့် ငွေကျပ် ၅၀၀၀ နှင့် အာမခံကြေး ငွေကျပ် ၅၀၀၀ ပေးသွင်းရမည်ဖြစ်ကာ ပြိုင်ပွဲဝင်လျှောက်လွှာများကို ဩဂုတ် ၂ ရက်အထိ လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ ဆုကြေးများအနေဖြင့် အမြင့်ဆုံးဆုကြေး ငွေကျပ်ခုနစ်သိန်းဖြစ်ပြီး အဆင့်(၁၀)အထိ ဆုတံဆိပ်နှင့် အဆင့်(၅)အထိ ဆုကြေး+ဆုတံဆိပ်များ ချီးမြှင့်မည်ဖြစ်ကာ ပန်းဝင်သူအားလုံးကို Finisher ဆွဲပြားများ ချီးမြှင့်ဂုဏ်ပြုမည်ဖြစ်သည်။ ပထမအကြိမ် တောင်သုံးလုံးဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲနှင့် တောင်အဆင်းလမ်းကြမ်းပြိုင်ပွဲကို ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၄ ရက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ အမျိုးသားဘော်လီဘောပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူး၍ SMM 3rd Asian "Asia World Foundation" U-23 Men's Volleyball Championship ပြိုင်ပွဲကို ဩဂုတ် ၃ ရက်မှ ၁၁ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B)ရုံနှင့် (C)ရုံတို့၌ ကျင်းပမည်ဖြစ်ပြီး အားကစားဝါသနာရှင်ပြည်သူများအနေဖြင့် အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**မောင်မောင်မျိုး**

# ဆီးဂိမ်းပြိုင်ပွဲအတွက် လက်ဝှေ့လူရွေးချယ်ပွဲ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁**

ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရန် ရက်ပေါင်း ၁၂၀ သာ လိုတော့သည်ဖြစ်ရာ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ အားကစားနည်းအလိုက် ဝင်ရောက်ယှဉ်ပြိုင်ရန် လူရွေးချယ်ပွဲများ ကျင်းပလျက်ရှိကြောင်း သိရသည်။



ဆီးဂိမ်းပြိုင်ပွဲအတွက် လက်ဝှေ့သမားများ ထည့်သွင်းလေ့ကျင့်နေစဉ်။

အဆိုပါ ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်မှ စခန်းသွင်းထားသော အားကစားသမားများ နောက်ဆုံးလူရွေးချယ်ပွဲနှင့် အဖွဲ့ချုပ်တံခွန်စိုက်ဖလား လက်ဝှေ့ပြိုင်ပွဲကို ဩဂုတ် ၂၃ ရက်မှ ၂၅ ရက်အထိ ရန်ကုန်မြို့ သုဝဏ္ဏလက်ဝှေ့အားကစားရုံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့ ဆီးဂိမ်းပြိုင်ပွဲအတွက် အမျိုးသား အမျိုးသမီးနှစ်ဦးစီ ရွေးချယ်သွားမယ်။ ကီလိုတန်းကို ပြိုင်ပွဲပြီးမှ သတ်မှတ်မယ်။ ဆီးဂိမ်းပြိုင်ပွဲအတွက် နိုင်ငံတော်က ထောက်ပံ့မယ်၊ မထောက်ပံ့ဘူးဆိုတာ မသိရသေးပါဘူး။ အခု လောလောဆယ် အဖွဲ့ချုပ်စရိတ်နဲ့လို့ သိရပါတယ်။ ဆီးဂိမ်းပြိုင်ပွဲမှာ ကစားသမား ရွှေတံဆိပ်ရရင်တောင် ဆုကြေးချီးမြှင့်ဖို့ မရှိသေးပါဘူး"ဟု အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဒေါ်သန်းသန်းဝင်းက ပြောသည်။

ယင်းပြိုင်ပွဲ၌ စခန်းသွင်းသော အားကစားသမားများနှင့် ကလပ်ဝန်ကြီးဌာနအသင်း ၁၁ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ ဆီးဂိမ်းပြိုင်ပွဲအတွက် နိုင်ငံတော်က ရွေးချယ်ထားသည့် အားကစားနည်း ၁၄ မျိုးတွင် ဝူရှူး၊ ဂျူဒို၊ ဘိလိယက်နှင့် စနူကာ၊ ပိုက်ကျော်ခြင်း၊ လှေလှော်၊ မြားပစ်၊ ဘော်လီဘော၊ ဘောလုံး၊ ဟော်ကီ၊ ကရာတေး၊ တိုက်ကွမ်ဒို၊ စစ်တုရင်၊ အလေးမနှင့် ပီတန်းတို့ ဖြစ်ကြောင်း သိရသည်။

မပါမဖြစ် ပါဝင်ယှဉ်ပြိုင်ရမည့် ကစားနည်းနှစ်မျိုးဖြစ်သည့် ပြေးခုန်ပစ်နှင့် ရေကူးတို့ပါဝင်ခဲ့မည်ဆိုလျှင် အားကစားနည်း ၁၆ နည်း ပါဝင်ယှဉ်ပြိုင်ရန် ရှိနေသည်။ ဆီးဂိမ်းအတွက် အားကစားနည်း ၃၈ နည်းကို ရန်ကုန်တွင် ၃၁ နည်း၊နေပြည်တော်တွင် ခုနစ်နည်း စခန်းသွင်းလေ့ကျင့်လျက်ရှိကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-အာကာစိုး**

# MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၉) ဆက်လက်ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၉) ကို ယခုတစ်ပတ် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ချန်ပီယံလမ်းကြောင်းပေါ်မှ ရှမ်းယူနိုက်တက်အသင်းနှင့် ရောဝတီအသင်းတို့ အိမ်ကွင်းပွဲများ ကစားရမည်ဖြစ်သည်။

ပွဲစဉ်(၁၉)အဖြစ် ဩဂုတ် ၃ ရက်တွင် သုဝဏ္ဏကွင်း၌ ဒဂုံအသင်းနှင့် ရခိုင်အသင်း၊ ပုသိမ်ကွင်း၌ ရောဝတီအသင်းနှင့် မကွေးအသင်း၊ ပဲခူး Grand Royal ကွင်း၌ ဟံသာဝတီအသင်းနှင့် စစ်ကိုင်းအသင်း၊ ဩဂုတ် ၄ ရက်တွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်နှင့် ရတနာပုံအသင်း၊ မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် ဇွဲကပင်အသင်း၊ သုဝဏ္ဏကွင်း၌ Chinland အသင်းနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၁၈) အပြီးတွင် ရန်ကုန်အသင်းက ၃၇ မှတ်ဖြင့် ထိပ်ဆုံးမှဦးဆောင်နေပြီး ရှမ်းယူနိုက်တက်နှင့် ရောဝတီအသင်းတို့က ၃၄ မှတ်စီ၊ ဟံသာဝတီအသင်းက ၂၉ မှတ်၊ ရခိုင်အသင်းက ၂၇ မှတ်၊ ရတနာပုံအသင်းက ၂၆ မှတ်၊ စစ်ကိုင်းအသင်းက ၂၄ မှတ်၊ မကွေးအသင်းက ၂၁ မှတ်၊ ဇွဲကပင်အသင်းက ၁၈ မှတ်၊ Southern အသင်းက ၁၆ မှတ်၊ ဒဂုံအသင်းက ၁၄ မှတ်၊ Chinland အသင်းက ၁၂ မှတ် ရရှိထားသည်။ လက်ရှိအနေအထားအရ ပြိုင်ပွဲပြီးဆုံးရန် လေးပွဲသာလိုတော့ပြီး ချန်ပီယံဆုအတွက် သုံးသင်း၊ တန်းဆင်းနှစ်နေရာအတွက် လေးသင်းအပြိုင် ဖြစ်နေသည်။ ချန်ပီယံဆုအတွက် မျှော်လင့်ချက်ရှိနေသည့် အသင်းများအနက် ရှမ်းယူနိုက်တက်နှင့် ရောဝတီအသင်းတို့မှာ ပွဲကျပ်ကစားရမည်ဖြစ်ပြီး ယခုတစ်ပတ်တွင် နိုင်ပွဲထပ်မံရယူနိုင်မှသာ ထိပ်ဆုံးမှ ရန်ကုန်အသင်းကို ဆက်လက်ဖိအားပေးနိုင်မည်ဖြစ်သည်။ ရန်ကုန်အသင်းသည် ဇယားအောက်ဆုံး ရောက်နေသည့် Chinland အသင်းနှင့် တွေ့ဆုံနေပြီး ကစားသမားအင်အား ကွာခြားမှုကြောင့် နိုင်ပွဲဆက်ဖွယ်ရှိနေသည်။ ရောဝတီအသင်းသည် ယခုနောက်ပိုင်းပွဲများတွင် ရလဒ်ကောင်းနေသော မကွေးနှင့် တွေ့ဆုံနေသောကြောင့် အမှတ်ပြည့်ရရန် ရုန်းကန်ရဖွယ်ရှိနေပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ ခြေစွမ်းနှင့် ရလဒ်မတည်ငြိမ်သေးသောကြောင့် နိုင်ပွဲပြန်ရရန် အားကုန်ထုတ်ရဖွယ် ရှိနေသည်။

ထို့ပြင် တန်းဆင်းဇုန်အတွက် အရေးပါသည့် ဒဂုံနှင့် ရခိုင်၊ Southern နှင့် ဇွဲကပင်အသင်းတို့ ပွဲများမှာလည်း ပြိုင်ဆိုင်မှု ပြင်းထန်ဖွယ်ရှိနေသည်။ ဩဂုတ်တွင် ပွဲစဉ်သုံးခု ကျင်းပမည်ဖြစ်ပြီး ချန်ပီယံဆုနှင့် တန်းဆင်းနေရာများအတွက် အဖြေတစ်ခု ထွက်ပေါ်လာနိုင်သည်။

**ညီမြတ်သော်တာ**


## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၁**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**


*ကျောဖုံးမှ*

ခင်မာလာထွန်း၊ သင်းသင်းယု၊ လဲ့လဲ့လှိုင်(ဇွဲကပင်)၊ မေသူကျော် (မြဝတီ)၊ **ရှေ့တန်း**-ခင်မိုးဝေ၊ ဂျူလိုင်ကျော် (သစ္စာအားမာန်)၊ နုနု၊ ရီရီဦး (အား/ကာသိပ္ပံ) နှင့် ဝင်းသီဂီထွန်း (မြဝတီ)တို့ ပါဝင်ကြသည်။ အပြီးသတ်ရွေးချယ်ရာတွင် ကွင်းလယ်ကစားသမား ခိုင်သဇင်ဦးနှင့် ဒဏ်ရာရနေသည့် ဂိုးသမားဇာဇာမြင့်တို့ ချန်လှပ်ခံခဲ့ရသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အာဆီယံပြိုင်ပွဲ မတိုင်မီ ပြည်ပလေ့ကျင့်ရေးခရီးစဉ် သွားရောက်ရန် စီစဉ်ထားသော်လည်း အဆင်မပြေသောကြောင့် ပြည်တွင်းခြေစမ်းပွဲများသာ ကစားမည်ဖြစ်ပြီး ဩဂုတ် ၅ ရက်တွင် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း၊ ဩဂုတ် ၇ ရက်တွင် MFF အကယ်ဒမီ လူငယ်အမျိုးသားအသင်း၊ ဩဂုတ် ၉ ရက်တွင် ရန်ကုန်ယူနိုက်တက်ကလပ် အကယ်ဒမီအသင်းတို့နှင့် ရန်ကုန်မြို့၌ ခြေစမ်းပွဲကစားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ဇွန် ၁၂ ရက်တွင် စတင်လေ့ကျင့်ခဲ့ပြီး ပြည်တွင်းခြေစမ်းပွဲများသာ ယှဉ်ပြိုင်ကစားထားပြီး မွန်နှင့် တနင်္သာရီသို့ လေ့ကျင့်ရေးခရီးစဉ် သွားရောက်ခဲ့သည်။

၂၀၁၉ အာဆီယံ အမျိုးသမီးပြိုင်ပွဲကို ဩဂုတ် ၁၅ ရက်မှ ၂၇ ရက်အထိ ထိုင်းနိုင်ငံ ချောင်ဘူရီမြို့၌ ကျင်းပမည်ဖြစ်ပြီး အုပ်စု(က)တွင် ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တီမော၊ အုပ်စု(ခ)တွင် မြန်မာ၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားအသင်းတို့ ပါဝင်နေသည်။

မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဩဂုတ် ၁၆ ရက်တွင် အင်ဒိုနီးရှားအသင်း၊ ဩဂုတ် ၁၈ ရက်တွင် ကမ္ဘောဒီးယားအသင်း၊ ဩဂုတ် ၂၀ ရက်တွင် ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

*ကျောဖုံးမှ*

ရောဝတီအသင်းသည် ပြိုင်ပွဲတစ်လျှောက် ပွဲတိုင်းအနိုင်ရသည့်မှတ်တမ်းအပြင် ပေးဂိုးမရှိဘဲ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ သွင်းဂိုးအများဆုံးဆုရရှိသည့် ခင်ဖုန်း(ရောဝတီ)ကို ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်နှစ်သိန်း၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆုရရှိသည့် ယမင်းဖြူ(ရန်ကုန်)ကို ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်နှစ်သိန်း၊ ပူးတွဲတတိယဆုရ ကချင်အသင်းနှင့် နေပြည်တော် အသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၁၀ သိန်းစီ၊ ဒုတိယဆုရ ရန်ကုန်အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သိန်း ၂၀၊ ပထမဆုရ ရောဝတီအသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးငွေကျပ် သိန်း ၃၀ နှင့် ချန်ပီယံဆုဖလားကို အာရှဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမျိုးသမီးဘောလုံးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါ်ဌေးဌေးခိုင်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

ရောဝတီအသင်းသည် အုပ်စုပွဲများတွင် ရခိုင်ကို ၁၃-၀ ဂိုး၊ ကချင်ကို ၉-၀ ဂိုး၊ ရှမ်း(မြောက်) ကို ၅-၀ ဂိုး၊ မန္တလေးကို ၈-၀ ဂိုးဖြင့် အနိုင်ရကာ ကွာတားဖိုင်နယ်တွင် မွန်ကို ၁-၀ ဂိုး၊ ဆီမီးဖိုင်နယ်တွင် နေပြည်တော်ကို ၁-၀ ဂိုး၊ ဗိုလ်လုပွဲတွင် ရန်ကုန်ကို ၁-၀ ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

### နာကမ်ဘာကို ခေါ်ယူလိုက်သည့် အက်စ်တွန်ဗီလာ

အက်စ်တွန်ဗီလာအသင်းသည် ဇင်ဘာဘွေကွင်းလယ်ကစားသမား နာကမ်ဘာကို ဘယ်လ်ဂျီယံကလပ် ကလပ်ဘရုဂ်အသင်းမှ ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ အဆိုပါ ကစားသမား၏ ပြောင်းရွှေ့ကြေးကိုမူ ဖော်ပြထားခြင်း မရှိပေ။ အက်စ်တွန်ဗီလာအသင်းသည် အပြောင်းအရွှေ့ကာလ ကစားသမားခေါ်ယူမှုတွင် ၁၂ ဦးအထိ ခေါ်ယူပြီးဖြစ်ကြောင်းလည်း သိရသည်။

### လီဗာပူး၏ ရာသီအကြို ခြေစမ်းပွဲများ ပြီးဆုံး

ရာသီအကြို ခြေစမ်းပွဲအဖြစ် ဇူလိုင် ၃၁ ရက်တွင် လီဗာပူးအသင်းနှင့် လိုင်ယွန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်းက လိုင်ယွန်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး လီဗာပူး၏ ရာသီအကြို ခြေစမ်းပွဲများ ပြီးဆုံးခဲ့ပြီဖြစ်သည်။ ခြေစမ်းပွဲများပြီးဆုံးချိန်တွင် လီဗာပူးအသင်းသည် ဒေါ့မွန်၊ နာပိုလီ၊ ဆီဗီလာအသင်းတို့ကို ရှုံးနိမ့်ခဲ့ပြီး လိုင်ယွန်၊ ဘရက်ဖို့ဒ်၊ ရိုဗာအသင်းတို့ကို အနိုင်ရရှိခဲ့သည်။

### အော်ဒီဖလား တော့တင်ဟမ်အသင်း ဆွတ်ခူး

နှစ်နှစ်တစ်ကြိမ် ကျင်းပသည့် အော်ဒီဖလားပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ယမန်နေ့က ကျင်းပခဲ့ရာ တတိယနေရာလုပွဲတွင် ရီးရဲမက်ဒရစ်နှင့် ဖီနာဘာချီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး ဗိုလ်လုပွဲကို တော့တင်ဟမ်နှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည်။ တတိယနေရာလုပွဲတွင် ရီးရဲမက်ဒရစ်အသင်းက ဖီနာဘာချီအသင်းကို ငါးဂိုး- သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲတွင် ပွဲချိန်အတွင်း တစ်ဖက်နှစ်ဂိုးစီ သရေကျနေ၍ ပယ်နယ်တီ အဆုံးအဖြတ် ခံယူခဲ့ရသည်။ ပယ်နယ်တီတွင် ခြောက်ဂိုး-ငါးဂိုးဖြင့် တော့တင်ဟမ်အသင်းက အနိုင်ရရှိခဲ့ကြောင်း သိရသည်။

### ဇာဟာကို ကမ်းလှမ်းမှုပြုလုပ်သွားမည့် နာပိုလီ

နာပိုလီအသင်းသည် ခရစ္စတဲလ်ပဲလေ့စ်အသင်းမှ အိုင်ဗရီကို့စ်တောင်ပံကစားသမား ဝီလ်ဖရိုက် ဇာဟာအတွက် ပေါင်သန်း ၆၀ ဖြင့် ကမ်းလှမ်းမှုပြုလုပ်သွားမည်ဖြစ်ကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။

### ကော်တင်ဟိုကို ရောင်းထုတ်သွားရန် ဆန္ဒရှိနေသည့် ဘာစီလိုနာ

ဘာစီလိုနာအသင်းသည် ဘရာဇီးကစားသမား ဖီးလစ်ပီ ကော်တင်ဟို (၂၇နှစ်)ကို ရောင်းထုတ်သွားရန် ဆန္ဒရှိနေသော်လည်း အဆိုပါ ကစားသမားအတွက် ကမ်းလှမ်းမှုတစ်စုံတစ်ရာ လက်ခံရရှိထားခြင်းမရှိသေးကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### ရူဂါနီကို နှစ်နှစ်အငှားခေါ်ယူရန် ကမ်းလှမ်းမှုပြုလုပ်လိုက်သည့် အာဆင်နယ်

အာဆင်နယ်အသင်းသည် အသက် ၂၅ နှစ်အရွယ် ဂျူဗင်တပ်စ်အသင်းမှ အီတလီခံစစ်ကစားသမား ရူဂါနီကို နှစ်နှစ်အငှားခေါ်ယူရန် ကမ်းလှမ်းမှုပြုလုပ်လိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### မူစတာဖီကို အသင်းမှ ထွက်ခွာခွင့်ပြုရန် ပြင်ဆင်လျက်ရှိနေ

အာဆင်နယ်အသင်းသည် ဂျာမနီ နောက်ခံကစားသမား မူစတာဖီကို အသင်းမှ ထွက်ခွာခွင့်ပြုရန် ပြင်ဆင်လျက်ရှိနေကြောင်း ဒေးလီးစတားတွင် ဖော်ပြထားသည်။

**အောင်ဇော်**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁**

လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မူးယစ်တပ်ဖွဲ့စု(၄၆) မောင်တောမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၃၁ ရက် ညနေပိုင်းက မောင်တောမြို့နယ် မကျီးချောင်းစပ်အနီး၊ မောင်နီကူးတို့ဆိပ်တွင် ချောင်းအတွင်း လှော်ခတ်လာသော လောင်းလှေတစ်စင်းအား စစ်ဆေးရန် ကမ်းစပ်သို့ ခေါ်ယူခဲ့ရာ လှေလှော်ခတ်လာသူမှာ ခုန်ချ၍ ရေကူးထွက်ပြေးသွားခဲ့ပြီး ၎င်းလှေကို စစ်ဆေးရှာဖွေရာ ငွေကျပ် ၁၄၄၀ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇၂၀၀၀ သိမ်းဆည်းရမိခဲ့သည်။



အလားတူယင်းနေ့ နံနက်ပိုင်းက မူးယစ်တပ်ဖွဲ့စု(၂၇) လှိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်လင်မြို့နယ် ဟိုတင့်ကျေးရွာအနီး၊ လှိုင်လင်-တောင်ကြီးကားလမ်းတွင် စိုးနိုင် မောင်းနှင်ပြီး ကျော်သူရနှင့် ဒေါ်သင်းသင်းနွယ်တို့ လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ အိုက်စ် ဂရမ် ၁၀၀၀၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၊ ငွေကျပ် ၅၂၅၀၀၀၊ လက်ကိုင်ဖုန်းသုံးလုံး၊ ရွှေလက်စွပ်တစ်ကွင်း၊ ငွေလက်စွပ်တစ်ကွင်း၊ ကျောက်ပါရွှေနားကပ် တစ်ရံနှင့် နာရီတစ်လုံးတို့ကို လည်းကောင်း။

ညနေ ၃ နာရီခွဲတွင် ဒိုးပင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် ကျောက်ကြီးကျေးရွာအုပ်စု ပင်ဖုရားကျေးရွာနေ ဒေါ်အေးအေးအောင်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၂၀ ကို လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် မူဆယ်-မန္တလေး ပြည်ထောင်စုကားလမ်း၊ မိုင်တိုင် အမှတ်(၈၀/၄)အနီးတွင် စိုင်းစံယွမ်း မောင်းနှင်ပြီး မသဥ္ဇာကျော် လိုက်ပါလာသော ဆိုင်ကယ်နှင့် စိုင်းစိန်မောင်းနှင်လာသည့် ဆိုင်ကယ်တို့ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ၃၉၆၀ ဂရမ်၊ ငွေကျပ် ၁၀၀၀၀၀ နှင့် လက်ကိုင်ဖုန်းသုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ ရေမိုင်လှည့်ကင်း ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် နယ်မြေ(၇) ရှေ့တန်း အမှတ်(၁၀) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ၊ မကျီးချောင်း ချောင်းဝရဲကင်းစခန်းမှ ဒုရဲမှူး နိုင်အောင်သူ ဦးစီးသည့် ရေယာဉ်တပ်ဖွဲ့စု (မောင်တော)မှ ငါးမန်းအမြန်သွား တိုက်ခိုက်ရေးရေယာဉ် အမှတ်(၀၀၂)ပါ နှစ်စင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၂) နယ်ခြားစောင့်တပ် Shahparir-dip BOP ကင်းစခန်းမှ Subedar MD, Nure Alam ဦးဆောင်သည့် စက်တပ်ရေယာဉ်နှစ်စင်း စုစုပေါင်း လေးစင်းတို့သည် ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက နှစ်နိုင်ငံနယ်နိမိတ် နတ်မြစ်အလယ် မကျီးချောင်း ချောင်းဝထိပ် ရေမိုင်အမှတ်(၂)မှ ကညင်ချောင်း ချောင်းဝထိပ် ရေမိုင်အမှတ်(၅)အနီးထိ နတ်မြစ်ကြောင်းအတိုင်း နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ ရေမိုင်ကင်းလှည့်ခဲ့ပြီး ရေယာဉ် အမှတ်(၀၀၂)ပေါ်၌ နှစ်ဖက်ကင်းလှည့်သည့်အဖွဲ့များ တွေ့ဆုံခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# လှိုင်သာယာ ဒဂုံရောအဝေးပြေးဝင်းတွင် ခရီးသည် လုခေါ်ရာမှ ဓားထိုးမှုဖြစ်

**လှိုင်သာယာ ဩဂုတ် ၁**

လှိုင်သာယာမြို့ ဒဂုံရောအဝေးပြေးဝင်းထိပ်တွင် ဩဂုတ် ၁ ရက် နံနက် ၅ နာရီခန့်က ခရီးသည်လုခေါ်ရာမှ စကားများကာ ဓားထိုးမှုဖြစ်ကြောင်း သိရသည်။

အဝေးပြေးရဲကင်းမှူး ဒုရဲအုပ်ဝင်းဇော်ထွန်းနှင့်အဖွဲ့၊ ကုလားကြီးစုကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်တို့သည် အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ ကုလားကြီးစုကျေးရွာ နီလာလမ်းနေ ရဲမင်းအောင် (၂၃ နှစ်)သည် ဒဏ်ရာများဖြင့် လဲကျသေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိခဲ့သည်။ အနီးဝန်းကျင်ရှိ မြင်တွေ့သူများကို မေးမြန်းစစ်ဆေးရာ သေဆုံးသူ ရဲမင်းအောင်နှင့် ကုလားကြီးစုကျေးရွာ စိန်သရဖူ (၂)လမ်းနေ ပြောင်ညို(ခ)သူရအောင် (၁၆ နှစ်)တို့သည် ဒဂုံရော အဝေးပြေးဝင်းထိပ်တွင် ခရီးသည်လုခေါ်ရာမှ အချင်းချင်းအပြန်အလှန် စကားများပြီး ဓားဖြင့်ထိုးမှုဖြစ်ကြောင်း၊ ကျူးလွန်သူ ပြောင်ညို(ခ)သူရအောင်မှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရှိရသည်။

ပြစ်မှု ကျူးလွန်သူ ပြောင်ညို(ခ) သူရအောင် ကို သောင်ကြီးနယ်မြေရဲစခန်းမှ အမှုဖွင့်ကာ ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာ့ရုပ်မြင်သံကြား

၂-၈-၂၀၁၉ (သောကြာနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - MRTV Travelogue
၉း၁၅ - Soccer View
၁၀း၃၀ - သဘာဝဘေးအန္တရာယ် ကြိုတင်သတိရှိကြပါစို့ (ရေဘေးအန္တရာယ် အသိပညာပေးအစီအစဉ်)
၁၂း၃၀ - လျှင်ဘေးဒဏ် ရင်ဆိုင်တုံ့ပြန်နိုင်ဖို့ ကြိုတင်ပြင်ဆင် ကာကွယ်ကြပါစို့(ရပ်ကွက်)
၁၄း၂၀ - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအလွဲသုံးစားပြုခြင်းဖြစ်ပွားသည်ကို သံသယရှိ/သိရှိပါက
၁၄း၂၅ - မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၁) (ဒါရိုက်တာ-ကြည်စိုးထွန်း)

**ညပိုင်း**

၁၆း၂၀ - မော်တော်ဆိုင်ကယ်
၁၇း၅၅ - ဆေးလိပ်ဆေးရွက်ကြီး ကင်းဝေးစေရေး (ကာတွန်း)
၁၈း၂၀ - BBC Click
၁၈း၃၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "သူစိမ်းအိမ်+တစ္ဆေများနှင့်ပျော်မြူးခြင်း"
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "ရင်တွင်းရေးပြဿနာ" (အပိုင်း-၆)
၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀း၃၀ - အခြေအနေအချိန်အခါနေရာ မရွေးသက်ငယ်မုဒိမ်းမှု ဖြစ်ပွားနိုင်သည်ကို သတိပြုပါ
၂၀း၃၅ - "ရာသီတုပ်ကွေးရောဂါ သိမှတ်ဖွယ်ရာ ကျန်းမာရေး စကားဝိုင်း"(အပိုင်း-၂)
- ပြည်သူ့နီတိ "အိမ်နီးချင်း"
- "ထာဝရမိတ်ဆွေဖြစ်ပါစေ"

# နိုင်ငံတစ်ဝန်းရာသီတုပ်ကွေးရောဂါ A H1N1 pdm09 ကြောင့် ဩဂုတ် ၁ ရက်အထိ သေဆုံးသူ ၈၃ ဦးရှိ

**နေပြည်တော် ဩဂုတ် ၁**

နိုင်ငံတစ်ဝန်းရာသီတုပ်ကွေးရောဂါ A H1N1 pdm09 ဖြစ်မှုကြောင့် ဇန်နဝါရီ ၁ ရက်မှ ဩဂုတ် ၁ ရက်အထိ ဓာတ်ခွဲအတည်ပြုပြီးနောက် ရောဂါပိုးတွေ့ရှိသူ ၄၃၉ ဦးရှိကာ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် သေဆုံးသူ တစ်ဦးစီတိုးလာသည့်အတွက် စုစုပေါင်း သေဆုံးသူ ၈၃ ဦးရှိပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်း ရာသီတုပ်ကွေးရောဂါ A H1N1 pdm09 သံသယရှိသဖြင့် ယနေ့အထိ ဓာတ်ခွဲစစ်ဆေးသူ စုစုပေါင်း ၁၀၃၃ ဦးအနက် ရောဂါဖြစ်ပွားသူ ၄၃၉ ဦးရှိပြီး သေဆုံးသူ ၈၃ ဦးအထိ တိုးလာနေကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်ခွဲစစ်ဆေးသူ စုစုပေါင်း ၅၀၀ အနက် ရောဂါဖြစ်သူ ၂၂၆ ဦးရှိကာ သေဆုံးသူ ၆၂ ဦးရှိပြီဖြစ်၍ H1N1 ကြောင့် သေဆုံးမှုအများဆုံးဖြစ်နေသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီးတွင် ရောဂါဖြစ်သူ ၃၆ ဦးအနက် သေဆုံးသူငါးဦး၊ ကချင်ပြည်နယ်တွင် ရောဂါဖြစ်သူ ၂၅ ဦး၊ သေဆုံးသူတစ်ဦး၊ ပဲခူးတိုင်းဒေသကြီးတွင် ရောဂါဖြစ်သူ ၁၉ ဦး၊ သေဆုံးသူငါးဦး၊ မကွေးတိုင်းဒေသကြီးတွင် ရောဂါဖြစ်သူ ၁၇ ဦး၊ သေဆုံးသူနှစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ရောဂါဖြစ်သူ ကိုးဦးစီ၊ သေဆုံးသူသုံးဦးစီနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ရောဂါဖြစ်သူငါးဦး၊ သေဆုံးသူတစ်ဦး၊ ရခိုင်ပြည်နယ်တွင် ရောဂါဖြစ်သူ ၂၈ ဦး၊ သေဆုံးသူတစ်ဦးရှိကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ထုတ်ပြန်ထားသည်။

ထို့အတူ နေပြည်တော်တွင် ဓာတ်ခွဲအတည်ပြုပြီးနောက် ရောဂါဖြစ်သူ ၄၀၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တွင် ခုနစ်ဦးစီ၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် လေးဦးစီ၊ တနင်္သာရီတိုင်းဒေသကြီးတွင် သုံးဦးရှိပြီး စုစုပေါင်း ရောဂါဖြစ်သူ ၄၃၉ ဦးနှင့် သေဆုံးသူ ၈၃ ဦး ရှိပြီ ဖြစ်ကာ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ရောဂါပိုးတွေ့ရှိသူ မရှိသေးကြောင်း သိရသည်။

ရာသီတုပ်ကွေးရောဂါ A H1N1 pdm09 ဖြစ်သူများအနက် အသက် ၁၅ နှစ်မှ ၆၅ နှစ်အထိ ၅၂ ရာခိုင်နှုန်း၊ အသက် ၆၅ နှစ်အထက်တွင် ၁၂ ရာခိုင်နှုန်း၊ အသက် ၅ နှစ်မှ ၁၅ နှစ်အထိ ၁၃ ရာခိုင်နှုန်း၊ အသက် ၁ နှစ်မှ ငါးနှစ်အထိ ၁၇ ရာခိုင်နှုန်းနှင့် အသက်တစ်နှစ်အောက်တွင် ၆ ရာခိုင်နှုန်းရှိကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ထုတ်ပြန်ထားသည်။

**ဇင်ဦး(မြန်မာ့အလင်း)**

# ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အတွင်း တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ ဇူလိုင် ၂၆ ရက်မှ ၃၁ ရက်အတွင်း ပူးပေါင်းအဖွဲ့သည် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ခပေါင်းကြိုးဝိုင်းအကွက်အမှတ်(၆၀)အတွင်း ယာဉ်တစ်စီးပေါ်မှ တရားမဝင် ကျွန်းသစ်၊ လုံးပတ် ၃ ပေအောက် ကျွန်းသစ် ၂ ဒသမ ၈၉၀၀ တန်နှင့် လူနှစ်ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် အနောက်စုဥ္စာကျွန်း အနောက်ဘက်ရေပြင်တွင် စက်လှေတစ်စင်းပေါ်မှ တရားမဝင် ပိတောက်ခွဲသား ၃၄ ဒသမ ၅၀၄၆ တန်နှင့် လူခြောက်ဦးတို့အား ဖမ်းဆီးရမိခဲ့ပြီး ဇူလိုင် ၃၀ ရက်တွင် ကျွန်းစုမြို့နယ် သစ်တောဦးစီးဌာနသို့ လွှဲအပ်လာသဖြင့် ပြစ်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး သက်ဆိုင်ရာ ရဲစခန်းတွင် အမှုဖွင့်လှစ် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရှမ်းပြည်နယ်(တောင်ကြီး) တောင်ကြီးခရိုင် ကလောမြို့နယ်(ပူးတွဲ) ပင်လောင်းမြို့နယ် ပင်လောင်း-ပျဉ်းမနားသွားကားလမ်း၊ မိုင်တိုင်အမှတ်(၄၇/၁) နှင့် (၄၇/၂)ကြားရှိ တောတွင်း၌ ယာဉ်နှစ်စီးပေါ်မှ တရားမဝင်ပိတောက်စက္ကဲ့ယား ၂ ဒသမ ၁၇၃၄ တန်၊ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် တရော်ကျင်းကျေးရွာအနီး မုံရွာ-ယာကြီးလမ်း(၉/၃)အနီး တရားမဝင် ပိတောက်ခွဲသား ၁ ဒသမ ၃၃၇၂ တန်အား ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်ပတ်သက်သော ပြစ်မှုကျူးလွန်သူများကို စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်မျိုး**

# ကြို့ပင်ကောက်မြို့တွင် ငါးဖမ်းသွားစဉ် အမျိုးသားတစ်ဦး ရေနစ်သေဆုံး

**ကြို့ပင်ကောက် ဩဂုတ် ၁**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် သက်ရင်းကုန်းအုပ်စု ဂုံညင်းတန်းကြီးကျေးရွာအနီး ပြည်တော်သာရေလှောင်တမံအတွင်း ဩဂုတ် ၁ ရက် မွန်းလွဲ ၁ နာရီ ၅၅ မိနစ်က အမျိုးသားတစ်ဦးငါးဖမ်းသွားစဉ် ရေနစ်သေဆုံးမှုဖြစ်ခဲ့သည်။

အဆိုပါ အခင်းဖြစ်ရာ ပြည်တော်သာရေလှောင်တမံသို့ မြို့နယ် ဒုတိယမီးသတ်ဦးစီးမှူး ဦးရဲလင်းအောင်နှင့် တပ်ဖွဲ့ဝင်ကိုးဦး၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများပူးပေါင်းပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၃ နာရီ မိနစ် ၂၀ က ရေနစ်သေဆုံးသူ ကုန်းမြင့်ကျေးရွာနေ ကိုအောင်ဆန်းထွန်း (၃၈ နှစ်)ကို ရှာဖွေတွေ့ရှိ၍ လူမှုကူညီရေးအသင်းယာဉ်ဖြင့် မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပြီး မြို့မရဲစခန်းတွင် သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

# မိုးနဲမြို့နယ် နားခံကျေးရွာ၌ ရေစိုနေသောလက်ဖြင့် ဖုန်းအားသွင်းရာမှ ဓာတ်လိုက်သေဆုံး

**မိုးနဲ ဩဂုတ် ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် နားခံကျေးရွာအုပ်စု နားခံကျေးရွာတွင် ရေစိုနေသောလက်ဖြင့် ဖုန်းအားသွင်းရာမှ လူတစ်ဦး ဓာတ်လိုက်သေဆုံးခဲ့ကြောင်း မိုးနဲမြို့မရဲစခန်းမှ သိရသည်။

ဇူလိုင် ၃၀ ရက် ည ၈ နာရီခန့်က မြို့မရဲစခန်းမှ ဒုရဲအုပ်ကျော်သီဟနှင့်အဖွဲ့သည် ပြည်သူ့ဆေးရုံတွင် ဓာတ်လိုက်သေဆုံးသည့် လူနာတစ်ဦးရောက်ရှိနေကြောင်း သိရသဖြင့် သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ နားခံကျေးရွာ ရပ်ကွက်(၁) နေသူ စိုင်းနွံ (၂၆ နှစ်) ဖြစ်ပြီး ဆက်လက် စုံစမ်းရာ သေဆုံးသူသည် ၎င်း၏သူငယ်ချင်း စိုင်းအောင်နှင့်အတူ တောင်ယာအပြန် နားခံကျေးရွာနေ စိုင်းတိ၏နေအိမ်၌ ရေစိုနေသောလက်ဖြင့် ဖုန်းမီးပလပ်ခေါင်းထိုးရာမှ ဓာတ်လိုက်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အမှုစစ်ဒုတိယရဲမှူးမြင့်နိုင်ထံမှ သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# မြောက်ကိုရီးယားက သတိပေးနေသော်လည်း အမေရိကန်နှင့် တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မှု ဆက်လက်လုပ်ဆောင်

**ဝါရှင်တန် ဩဂုတ် ၁**

အမေရိကန်နှင့် တောင်ကိုရီးယားပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဖျက်သိမ်းရန် မြောက်ကိုရီးယားက တိုက်တွန်းခဲ့ပြီး ယင်းကိစ္စကိုသတိပေးသည့်အနေဖြင့် ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုများပြုလုပ်ခဲ့သော်လည်း အမေရိကန်နှင့်တောင်ကိုရီးယားတို့သည် နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က တာတိုပစ် ဒုံးကျည်နှစ်စင်းကို မြောက်ကိုရီးယားက စမ်းသပ်ပစ်ခတ်ခဲ့ပြီးနောက်တွင် အလားတူစမ်းသပ်မှုကို ဇူလိုင် ၃၁ ရက်တွင်ထပ်မံလုပ်ဆောင်ခဲ့သည်။ အမေရိကန်နှင့်တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို လာမည့် တနင်္လာနေ့တွင် စတင်ဆောင်ရွက်မည်ဖြစ်သည်ဟု ဆိုသည်။

သို့သော် နှစ်နိုင်ငံ စစ်ရေးလှုပ်ရှားမှုများက မြောက်ကိုရီးယား၏ နျူကလီးယား လက်နက်နှင့်ပတ်သက်သည့် ညှိနှိုင်းဆွေးနွေးမှုများ စတင်ရန် အလားအလာရှိမရှိနှင့် စပ်လျဉ်း၍ မေးခွန်းများကို ပေါ်ထွက်လာစေခဲ့သည်။ အမေရိကန်သည် တောင်ကိုရီးယား၏ လုံခြုံရေးဆိုင်ရာ မဟာမိတ်နိုင်ငံဖြစ်ပြီး တောင်ကိုရီးယား၌ အမေရိကန်တပ်ဖွဲ့ဝင် ၂၈၅၀၀ ကို ချထားသည်။

နှစ်နိုင်ငံနှစ်စဉ် ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်တိုင်း မြောက်ကိုရီးယားနိုင်ငံကို ဒေါသထွက်စေခဲ့ပြီး ထိုသို့လေ့ကျင့်မှုကိုမြောက်ကိုရီးယားက စစ်ရေးအရကျူးကျော်ရန် အစမ်းလေ့ကျင့်မှုတစ်ခုအဖြစ် ရှုမြင်ခဲ့သည်။

ပူးတွဲစစ်ရေးလေ့ကျင့်မှုနှင့် ငြိမ်းချမ်းရေးသည် ဘယ်သောအခါမှ အတူတကွယှဉ်တွဲ၍မရနိုင်ဟု မြောက်ကိုရီးယားနိုင်ငံပိုင် ကိုရီးယားဗဟိုသတင်းအေဂျင်စီက ဇူလိုင် ၃၁ ရက်တွင် ဖော်ပြခဲ့သည်။ ထို့ပြင် ကိုရီးယားနှစ်နိုင်ငံဆက်ဆံရေးကို တိုးတက်စေရန် မြောက်ကိုရီးယားကိုဆန့်ကျင်သည့် စစ်ရေးလေ့ကျင့်မှုမှန်သမျှကို ရပ်ဆိုင်းရန် လိုအပ်သည်ဟု အဆိုပါသတင်းအေဂျင်စီကဆိုထားသည်။ မြောက်ကိုရီးယားဘက်က ခြိမ်းခြောက် သတိပေးမှုများရှိသော်လည်း နှစ်နိုင်ငံပူးတွဲ စစ်ရေးလေ့ကျင့်မည့်အစီအစဉ် ပြောင်းလဲရန်မရှိကြောင်း အမေရိကန် ထိပ်တန်းအာဏာပိုင်တစ်ဦးက ဩဂုတ် ၁ ရက်တွင် ပြောကြားလိုက်ကြောင်းသိရသည်။

**အေအက်ဖ်ပီ**



အမေရိကန်နှင့် တောင်ကိုရီးယားတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

# ရေဒါရှောင်ကွင်းနိုင်သော အက်ဖ်-၃၅ ဂျက်တိုက်လေယာဉ်များ ဂျပန်လေတပ်ဖွဲ့၌ လေ့ကျင့်ပျံသန်းမှု ပြန်လည်စတင်

**တိုကျို ဩဂုတ် ၁**

လူအသေအပျောက်ရှိခဲ့သည့် အက်ဖ် - ၃၅ ရေဒါရှောင်ကွင်းနိုင်သော ဂျက်တိုက်လေယာဉ်တစ်စင်း ပျက်ကျခဲ့မှုကြောင့် လေးလတာကာလနီးပါး ရပ်ဆိုင်းထားခဲ့သည့် ယင်းတိုက်လေယာဉ်များ၏ လေ့ကျင့်ပျံသန်းမှုကို ဩဂုတ် ၁ ရက်တွင် ပြန်လည်စတင်ပြုလုပ်ခဲ့ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ အက်ဖ် - ၃၅ အမျိုးအစား ဂျက်တိုက် လေယာဉ်များ စတင်လေ့ကျင့်ပျံသန်းမှုကို နိုင်ငံမြောက်ပိုင်းဒေသရှိ လေတပ်အခြေစိုက်စခန်း တစ်ခုတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အန်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

ဂျပန်ကိုယ်ပိုင်လေကြောင်း ကာကွယ်ရေးတပ်ဖွဲ့(ဂျေအက်စ်ဒီအက်ဖ်)၏ အိုမီရီပြည်နယ် မီဆာဝါလေတပ်အခြေစိုက်စခန်းမှ အက်ဖ်-၃၅ အမျိုးအစား ရေဒါရှောင်ကွင်းနိုင်သည့် ဂျက်တိုက်လေယာဉ်များ၏ လေ့ကျင့်ပျံသန်းမှုကို ဩဂုတ် ၁ ရက် မွန်းလွဲပိုင်း၌ စတင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။



ယင်း ဂျက်တိုက်လေယာဉ်များ၏ လေ့ကျင့်ပျံသန်းမှုကို နေ့ပိုင်းအချိန်များ အတွင်း၌သာ ပြုလုပ်သွားရန် စီစဉ်ထားသည်ဟု ဂျပန်ကာကွယ်ရေး ဝန်ကြီးဌာနက ပြောကြားသည်။

အက်ဖ်-၃၅ အမျိုးအစား ဂျက်တိုက် လေယာဉ်များသည် ဂျပန်လေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့(ဂျေအက်စ်ဒီအက်ဖ်) ၏ အဓိကအစိတ်အပိုင်းဖြစ်ပြီး လာမည့် ၁၀ နှစ်တာ ကာလအတွင်း ယင်းအမျိုးအစားလေယာဉ် ၁၄၇ စင်းကို ဂျပန်လေတပ် တွင် တာဝန်ထမ်းဆောင်စေမည်ဟု ဆိုသည်။

**အင်န်အိတ်ချ်ကေ**

# ဇန်ကောက်၌ဂျပန်နှင့် တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံ

**တိုကျို ဩဂုတ် ၁**

ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုခိုနိုနှင့် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ကန်ကျန်ဟွာတို့သည် နှစ်နိုင်ငံဆက်ဆံရေးတင်းမာမှုများ ရှိနေသော်လည်း ဇန်ကောက်မြို့တွင် ကျင်းပသည့် နိုင်ငံတကာဖိုရမ်ပြင်ပ၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

နိုင်ငံခြားရေးဝန်ကြီး နှစ်ဦးတို့သည် ဩဂုတ် ၁ ရက် နံနက်ပိုင်းတွင် တွေ့ဆုံခဲ့ကြသည်။ ဂျပန်နိုင်ငံက တောင်ကိုရီးယားနိုင်ငံအပေါ် တင်ပို့ကုန်ဆိုင်ရာ စည်းကမ်းများ ပိုမို တင်းကျပ်လိုက်ခြင်းမှာ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြောင်းပြချက်ကြောင့် ဖြစ်ကြောင်း သိရသည်။

နိုင်ငံခြားရေးဝန်ကြီး နှစ်ဦးတို့သည် တင်ပို့ကုန်ဆိုင်ရာ ထိန်းချုပ်ရန် ဂျပန်၏ လုပ်ဆောင်မှုနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ ရိုးရှင်းသော လုပ်ထုံးလုပ်နည်းဖြင့် တင်ပို့ကုန်ဆိုင်ရာ ခွင့်ပြုချက်ပေးထားသည့် နိုင်ငံများစာရင်းမှ တောင်ကိုရီးယားနိုင်ငံကို ဖယ်ရှားရန် ဂျပန်က ထည့်သွင်းစဉ်းစားလျက်ရှိပြီး ယင်းကိစ္စကို ပယ်ဖျက်ပေးရန် နိုင်ငံခြားရေးဝန်ကြီး ကန်ကျန်ဟွာက တောင်းဆိုခဲ့သည်။

ယင်းကိစ္စမှာ အချိန်ယူရန်လိုအပ်ကြောင်းနှင့် အကယ်၍ နှစ်ဖက်စလုံးက ညှိနှိုင်းဆွေးနွေးမှုများမှတစ်ဆင့် မဖြေရှင်းနိုင်လျှင် တောင်ကိုရီးယားဘက်မှ တုံ့ပြန်ဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်း ကန်ကျန်ဟွာက အစည်းအဝေး ပြုလုပ်ပြီးနောက် သတင်းထောက်များသို့ ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုခိုနိုနှင့် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ကန်ကျန်ဟွာတို့ တွေ့ဆုံနှုတ်ဆက်စဉ်။

# စမတ်ဖုန်းများ သင်္ဘောဖြင့် ပို့ဆောင်ရောင်းချရမှုတွင် ဟွာဝေး ဒုတိယလိုက်နေဆဲဖြစ်

**ပေကျင်း ဩဂုတ် ၁**

အမေရိကန်က ဟွာဝေးကုမ္ပဏီ၏လုပ်ငန်းများကို ကန့်သတ်ပိတ်ပင်မှုများလုပ်ဆောင်ခဲ့သော်လည်း ကမ္ဘာတစ်ဝန်းရှိ စမတ်ဖုန်းများကို သင်္ဘောဖြင့် ပို့ဆောင်ဖြန့်ဖြူးသည့် စာရင်းတွင် တရုတ်နည်းပညာကုမ္ပဏီဖြစ်သည့် ဟွာဝေးက ဒုတိယနေရာတွင် ရှိနေဆဲဖြစ်ကြောင်း နောက်ဆုံးရရှိသည့် ကိန်းဂဏန်းအချက်အလက်များအရ သိရသည်။

ဆမ်ဆောင်းကုမ္ပဏီက ဈေးကွက်ရှယ်ယာ၏ ၂၂ဒသမ ၇ရာခိုင်နှုန်းရှိပြီး ဟွာဝေးက ဈေးကွက်ရှယ်ယာ၏ ၁၇ဒသမ ၆ရာခိုင်နှုန်း ရရှိထားသည်ဟု အမေရိကန်သုတေသနအဖွဲ့ (IDC) က ဖော်ပြသည်။ အမေရိကန်အစိုးရသည် ပြီးခဲ့သည့်မေလအတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ အကြောင်းပြချက်ဖြင့် အမေရိကန်ကုမ္ပဏီများကို ဟွာဝေးကုမ္ပဏီနှင့်အတူ စီးပွားရေးလုပ်ကိုင်ခြင်းကို ပိတ်ပင်ခဲ့သည်။ သို့သော်လည်း ဟွာဝေးကုမ္ပဏီသည် ပြည်တွင်း၌ ရောင်းအားကောင်းအောင် စီမံခန့်ခွဲနိုင်ခဲ့ပြီး ဈေးကွက်၌ ပါဝင်မှုကို တိုးချဲ့ခဲ့သည်။

အက်ပဲလ်ကုမ္ပဏီမှာ ဈေးကွက်၌ ရှယ်ယာ ၁၀ ဒသမ ၁ ရာခိုင်နှုန်းဖြင့် တတိယနေရာရရှိထားသည်။ သုံးလတာအတွင်း ကမ္ဘာတစ်ဝန်းရှိ စမတ်ဖုန်းအလုံးရေ ၃၃ သန်းကို သင်္ဘောဖြင့် ဖြန့်ဖြူးရောင်းချမှုရှိခဲ့ကြောင်းနှင့် ယင်းပမာဏသည် ယခင်နှစ်ကထက် ၂ဒသမ ၃ ရာခိုင်နှုန်းကျဆင်းသွားခြင်းဖြစ်ကြောင်း IDCက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

နိုင်ငံတကာ သတင်းတိုထွာ

## အမေရိကန်က အီရန်နိုင်ငံခြားရေးဝန်ကြီးကို အရေးယူပိတ်ဆို့မှုပြုလုပ်

**ဝါရှင်တန် ဩဂုတ် ၁**

အမေရိကန်နှင့် ညှိနှိုင်းရာတွင် အီရန်၏ အဓိကကျသည့် အာဏာပိုင်တစ်ဦး ဖြစ်သည့် အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဂျာဗက်ဇာရစ်ဖ်ကို အမေရိကန်ပြည်ထောင်စုက ငွေကြေးဆိုင်ရာ ပိတ်ဆို့မှု ပြုလုပ်လိုက်ကြောင်း သိရသည်။

အီရန်၏ ထိပ်တန်းသံတမန်တစ်ဦးဖြစ်သည့် မစ္စတာဇာရစ်ဖ်သည် အီရန်နိုင်ငံနှင့် ပတ်သက်သည့် ဝါဒဖြန့်မှုများနှင့် မဟုတ်မမှန် လုပ်ကြံသတင်းများ ပျံ့နှံ့စေရန် လုပ်ဆောင်ခဲ့ကြောင်း အမေရိကန်အစိုးရအဖွဲ့က ဇူလိုင် ၃၁ ရက်တွင် ပြောကြားခဲ့သည်။ ထို့ပြင် အီရန်၏ နျူကလီးယား ဖွံ့ဖြိုးရေးလုပ်ဆောင်မှုကိုလည်း ဆက်လက်အားပေးထောက်ခံနေသည်ဟု ဆိုသည်။

အီရန် နိုင်ငံခြားရေးဝန်ကြီးသည် လက်အောက်ငယ်သားများကို ဖိနှိပ်လျက်ရှိပြီး နိုင်ငံအတွင်း လွတ်လပ်စွာ သတင်းဖော်ပြခွင့်ကိုလည်း ချိုးဖောက်နေသည်ဟု အမေရိကန်အစိုးရအဖွဲ့က ပြောသည်။ သို့ဖြစ်ရာ အမေရိကန်သို့ မစ္စတာဇာရစ်ဖ် ဝင်ရောက်ခွင့်ကို ပိတ်ပင်လိုက်ပြီး အမေရိကန်နိုင်ငံသားများနှင့် ငွေကြေးလွှဲပြောင်းမှု လုပ်ဆောင်ခြင်းကိုလည်း ပိတ်ပင်လိုက်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ဖူကူရှီးမားအမှတ် (၂) စက်ရုံရှိ ဓာတ်ပေါင်းဖိုအားလုံးကို ဖျက်သိမ်းရန် ဆုံးဖြတ်

**တိုကျို ဩဂုတ် ၁**

ဖူကူရှီးမား အမှတ်(၂) နျူကလီးယား ဓာတ်အားပေးစက်ရုံရှိ ဓာတ်ပေါင်းဖိုလေးခုလုံးကို ဖျက်သိမ်းရန် တိုကျိုလျှပ်စစ်ဓာတ်အားပေးကုမ္ပဏီ (TEPCO)က တရားဝင် ဆုံးဖြတ်ချက်ချလိုက်ကြောင်း သိရသည်။

အဆိုပါစက်ရုံသည် ၂၀၁၁ ခုနှစ်က ငလျင်လှုပ်ခတ်ပြီးနောက် ဆူနာမီဖြစ်ပေါ်ခဲ့ချိန်က အကြီးအကျယ်ထိခိုက်ပျက်စီးခဲ့သည့် ဖူကူရှီးမား အမှတ်(၁) စက်ရုံအနီးတွင် တည်ရှိသည်။ ဓာတ်ပေါင်းဖိုများအားလုံးကို ဖျက်သိမ်းရန် ဆုံးဖြတ်ချက်ကို ဇူလိုင် ၃၁ ရက်တွင် ပြုလုပ်ခဲ့သည့် TEPCO ၏ ဘုတ်အဖွဲ့ အစည်းအဝေးတွင်ချမှတ်လိုက်ခြင်းဖြစ်သည်။ ဖူကူရှီးမား အမှတ်(၂)စက်ရုံသည် အမှတ်(၁) စက်ရုံ၏ တောင်ဘက် ၁၂ ကီလိုမီတာအကွာတွင် တည်ရှိပြီး ဆူနာမီဖြစ်ပွားခဲ့ပြီးချိန်မှ စတင်က ဓာတ်ပေါင်းဖိုလေးခုစလုံး လည်ပတ်ဆောင်ရွက်မှုကို ရပ်ဆိုင်းခဲ့သည်။

ဇူလိုင် ၃၁ ရက်တွင် ချမှတ်လိုက်သည့် ဆုံးဖြတ်ချက်အရ ဖူကူရှီးမားခရိုင်ရှိ နျူကလီးယားဓာတ်ပေါင်းဖိုများ အားလုံးကို ပိတ်ပစ်တော့မည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဟမ်ဇာဘင်လာဒင် သေဆုံးမှုက အယ်လ်ခိုင်ဒါအဖွဲ့ရဲ့ ခြိမ်းခြောက်မှုကို အဆုံးသတ်စေနိုင်မလား

*ကလျာမိုးမြင့်*



အယ်လ်ခိုင်ဒါ စစ်သွေးကြွအဖွဲ့ ခေါင်းဆောင် အိုစမာဘင်လာဒင်(ကွယ်လွန်)



အိုစမာဘင်လာဒင်၏သားဖြစ်သူ ဟမ်ဇာဘင်လာဒင်

အယ်လ်ခိုင်ဒါ စစ်သွေးကြွအဖွဲ့ကို တည်ထောင်ခဲ့တဲ့ ခေါင်းဆောင် အိုစမာဘင်လာဒင်ရဲ့ သားဖြစ်သူ ဟမ်ဇာဘင်လာဒင်ဟာလေကြောင်း တိုက်ခိုက်မှုတစ်ခုမှာ သေဆုံးသွားပြီဖြစ်တယ်လို့ ထောက်လှမ်းရေးဆိုင်ရာ အာဏာပိုင်တွေရဲ့ ပြောဆိုမှုကို ကိုးကားပြီး အမေရိကန်သတင်းမီဒီယာတွေက ဖော်ပြနေကြပါတယ်။

ဟမ်ဇာဘင်လာဒင် ဘယ်နေ့မှာ သေဆုံးသွားတယ်ဆိုတာနဲ့ ဘယ်နေရာမှာ သေဆုံးခဲ့တယ်ဆိုတာကိုတော့ အတိအကျ မသိရသေးသလို ဒီကိစ္စနဲ့ပတ်သက်ပြီး ပင်တဂွန်က မှတ်ချက်ပေးထားခြင်း မရှိသေးပါဘူး။ အသက်အားဖြင့် ၃၀ လောက်ရှိပြီလို့ ခန့်မှန်းရတဲ့ ဟမ်ဇာဘင်လာဒင်ဟာ အမေရိကန်နဲ့ တခြားနိုင်ငံတွေကို တိုက်ခိုက်မှုတွေ လုပ်ဆောင်ဖို့ တိုက်တွန်းတဲ့ အသံဖိုင်နဲ့ ဗီဒီယိုဖိုင်တွေကို ထုတ်လွှင့်ခဲ့တဲ့သူတစ်ဦး ဖြစ်ပါတယ်။

**ဆုကြေးထုတ်**

ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်းမှာ အမေရိကန်အစိုးရက ၎င်းကိုဖမ်းဆီးနိုင်ဖို့အတွက် သတင်းပေးနိုင်သူတွေကို ဆုကြေးအဖြစ် အမေရိကန်ဒေါ်လာတစ်သန်းပေးမယ်လို့ ထုတ်ပြန်ခဲ့ပါတယ်။ ဟမ်ဇာဘင်လာဒင် သေဆုံးတဲ့ သတင်းကို NBC၊ နယူးယောက်တိုင်းမ်၊ စီအန်အန် အပါအဝင် အမေရိကန်သတင်းမီဒီယာ အများအပြားက ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြနေကြပါတယ်။ ဟမ်ဇာဟာ အယ်လ်ခိုင်ဒါအဖွဲ့ရဲ့ ခေါင်းဆောင်သစ်တစ်ယောက်အနေနဲ့ ပေါ်ထွက်လာခဲ့တာကို မြင်ရပါတယ်။

**အာဏာပိုင်တွေနှုတ်ဆိတ်နေ**

ထွက်ပေါ်လာတဲ့ သတင်းတွေမှာ ဟမ်ဇာဟာ လွန်ခဲ့တဲ့နှစ်နှစ်အကြာက လုပ်ဆောင်ခဲ့တဲ့ စစ်ဆင်ရေးတစ်ခုအတွင်းမှာ သေဆုံးခဲ့ပြီး အဲဒီစစ်ဆင်ရေးမှာ အမေရိကန်အစိုးရ ပါဝင်ပတ်သက်မှုရှိတယ်လို့ သိရပါတယ်။ ဒါပေမယ့် ဘယ်နေ့ဘယ်ရက်ဆိုတာကို ဖော်ပြခြင်း မရှိပါဘူး။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဇူလိုင် ၃၁ ရက်နေ့မှာ သမ္မတဒေါ်နယ်ထရမ့်က သတင်းထောက်တွေရဲ့ မေးခွန်းတွေကို ဖြေကြားဖို့ ငြင်းဆန်ခဲ့ပါတယ်။ အလားတူပဲ အိမ်ဖြူတော် အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်ဆီကလည်း ဘာမှတ်ချက်မှ ထွက်မလာခဲ့ပါဘူး။

ဟမ်ဇာဘင်လာဒင် သေဆုံးပြီဆိုတာကို အယ်လ်ခိုင်ဒါအဖွဲ့က အတည်ပြုခြင်းတော့ မရှိသေးပါဘူး။ အိုင်အက်စ် အစွန်းရောက် စစ်သွေးကြွအဖွဲ့ကို ထောက်ခံသူတွေကတော့ ထွက်ပေါ်လာတဲ့ သတင်းတွေနဲ့ ပတ်သက်ပြီး သတိထားဖို့ တိုက်တွန်းနေသလို ၎င်းတို့ခေါင်းဆောင်တွေဆီက တရားဝင်ကြေညာချက်ထွက်လာဖို့ စောင့်ဆိုင်းလျက်ရှိပါတယ်။

**ဟမ်ဇာဘင်လာဒင်ဆိုတာဘယ်သူလဲ**

ဟမ်ဇာဘင်လာဒင်ကို တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်နေတဲ့ အကြမ်းဖက်သမားတစ်ဦးအဖြစ် အမေရိကန်က လွန်ခဲ့တဲ့နှစ်နှစ်အကြာက တရားဝင်သတ်မှတ်ခဲ့ပါတယ်။ သေဆုံးသွားပြီဖြစ်တဲ့ ၎င်းရဲ့ဖခင် အိုစမာဘင်လာဒင်ရဲ့ နေရာကို ဆက်ခံဖို့ အလားအလာရှိတဲ့ သူတစ်ယောက်၊ ဘင်လာဒင် မျိုးဆက်တစ်ယောက်အနေနဲ့ လူတော်တော်များများက သိရှိခဲ့ကြပါတယ်။ ဟမ်ဇာဟာအီရန်မှာ အကျယ်ချုပ်ကျခဲ့ဖူးတယ်လို့ ယူဆရပြီး သတင်းရင်းမြစ်အချို့က ၎င်းဟာ အာဖဂန်နဲ့ ပါကစ္စတန်နယ်စပ်အနီးမှာ အခြေစိုက်ခဲ့တာ ဖြစ်နိုင်တယ်လို့ ထင်မြင်ချက်အမျိုးမျိုး ပေးခဲ့ကြပါတယ်။

**အီရန်မှာနေထိုင်ခဲ့**

ဟမ်ဇာကို ဆော်ဒီအာရေဗျနိုင်ငံ ဂျက်ဒါမှာ မွေးဖွားခဲ့တယ်လို့ ယူဆရပြီး အဲဒီနောက်ပိုင်းမှာ ၎င်းဟာ မိခင်ဖြစ်သူနဲ့ အီရန်မှာ နှစ်တွေကြာတဲ့အထိနေထိုင်ခဲ့ပါတယ်။ ၎င်းဟာ ၁၉၉၈ ခုနှစ်မှာ တန်ဇန်းနီးယားနဲ့ ကင်ညာမှာရှိတဲ့ အမေရိကန်သံရုံးတွေကို ဗုံးခွဲတိုက်ခိုက်ရာမှာ ပါဝင်ပတ်သက်မှုနဲ့ စွဲချက်တင်ခံထားရတဲ့ အဗ္ဗဒူလာအာမက်မာစီဆိုသူရဲ့ သမီးနဲ့ လက်ထပ်ခဲ့တယ်လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောပါတယ်။

**ခေါင်းဆောင်ဖြစ်လာမယ့်သူ**

ဟမ်ဇာရဲ့ဖခင် အိုစမာဘင်လာဒင်ကို ၂၀၁၁ ခုနှစ်မှာ ပါကစ္စတန်ရှိ အဘူတာဘက်မှာရှိတဲ့ အဆောက်အအုံဝင်းတစ်ခုထဲမှာ အမေရိကန်အထူးကွန်မန်ဒိုတပ်ဖွဲ့ဝင်တွေက သုတ်သင်ချေမှုန်းခဲ့ပါတယ်။ အိုစမာဘင်လာဒင်ဟာ ၉/၁၁ တိုက်ခိုက်မှုလို့ လူသိများတဲ့ ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့ အမေရိကန်မှာ လုပ်ဆောင်ခဲ့တဲ့ တိုက်ခိုက်မှုတွေကို ဦးဆောင်ခဲ့သူဖြစ်ပြီး အဲဒီတိုက်ခိုက်မှုအတွင်းမှာလူ ၃၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရပါတယ်။

စစ်ဆင်ရေးအရစီးနင်းမှု လုပ်ဆောင်ခဲ့စဉ်အတွင်း သိမ်းဆည်းရရှိခဲ့တဲ့ စာရွက်စာတမ်း အထောက်အထားတွေအရ ဟမ်ဇာဘင်လာဒင်ဟာ အယ်လ်ခိုင်ဒါ စစ်သွေးကြွအဖွဲ့ရဲ့ ခေါင်းဆောင်နေရာကို ဆက်ခံဖို့ လျာထားခြင်းခံရတဲ့သူတစ်ယောက်ဖြစ်တယ်လို့ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက ဆိုထားပါတယ်။ များပြားလှစွာသော စာရွက်စာတမ်းအထောက်အထားတွေထဲမှာ ၎င်းလက်ထပ်ထိမ်းမြားခဲ့တဲ့ ဗီဒီယိုဖိုင်ကိုလည်း ရှာတွေ့ခဲ့ပါတယ်။

**နိုင်ငံသားအဖြစ်ကနေ ပယ်ဖျက်**

၂၀၁၇ ခုနှစ်တုန်းက ပေါက်ကြားခဲ့တဲ့ သတင်းတစ်ခုမှာ ဟမ်ဇာဘင်လာဒင်ဟာ ၎င်းရဲ့ သားတစ်ဦး အသတ်ခံလိုက်ရကြောင်း ၎င်းရဲ့ မိသားစုဝင်တွေဆီ အကြောင်းကြားခဲ့တယ်လို့ သိရပါတယ်။ ဘယ်အချိန်ဘယ်နေရာမှာ သေဆုံးခဲ့တယ်ဆိုတာ မသိရပါဘူး။ ၂၀၁၈ ခုနှစ် မတ်လမှာတော့ ၎င်းရဲ့နောက်ဆုံးပြုလုပ်ခဲ့တဲ့ မိန့်ခွန်းတစ်ခုမှာ အာရေဗျကျွန်းဆွယ်က လူတွေ တော်လှန်ပုန်ကန်ကြဖို့ တိုက်တွန်းခဲ့ပါတယ်။ အဲဒီနောက် မတ်လမှာ ဆော်ဒီအာရေဗျနိုင်ငံက ဟမ်ဇာကို နိုင်ငံသားအဖြစ်ကနေ ပယ်ဖျက်လိုက်ပါတယ်။

**အတိအကျမပြောနိုင်**

ပြီးခဲ့တဲ့ ဆယ်စုနှစ်တစ်ခုအတွင်း အိုင်အက်စ် အစွန်းရောက်စစ်သွေးကြွအဖွဲ့ ထွက်ပေါ်လွှမ်းမိုးလာချိန်မှာ အယ်လ်ခိုင်ဒါစစ်သွေးကြွအဖွဲ့ မှေးမှိန်လာခဲ့ပါတယ်။ မကြာသေးခင်လတွေအတွင်းမှာ ဟမ်ဇာနဲ့ ပတ်သက်ပြီး ပေါ်ထွက်လာတဲ့ သတင်းတွေက ၎င်းဟာအာဖဂန်မှာ ရှိနေသလိုလို၊ ပါကစ္စတန်မှာလိုလို၊ အီရန်မှာလိုလိုနဲ့ ထင်ကြေးအမျိုးမျိုးပေးခဲ့ကြပါတယ်။ ဒါပေမယ့်လည်း တကယ်တမ်းတော့ အမေရိကန်ရဲ့ အလိုရှိဆုံး အကြမ်းဖက်သမားတစ်ဦးဖြစ်တဲ့ ဟမ်ဇာ ဘယ်နိုင်ငံမှာ ပုန်းအောင်းနေတယ်ဆိုတာကို ဘယ်သူကမှ အတိအကျ မပြောနိုင်ခဲ့ပါဘူး။

**ဘေးမှာရှိခဲ့**

ဟမ်ဇာအကြောင်း သတင်းပေးသူတွေကို ဒေါ်လာတစ်သန်းဆုကြေး ထုတ်လိုက်တာဟာ ၎င်းအမှန်တကယ် အန္တရာယ်ပြုလာနိုင်တာအတွက် အရေးယူဆောင်ရွက်ချက်တစ်ခု မဟုတ်သလို အယ်လ်ခိုင်ဒါအဖွဲ့ရဲ့ ဝါဒဖြန့်ယန္တရားနဲ့ ၎င်းရဲ့အဖွဲ့ဆီ ဆက်သွယ်တဲ့ သင်္ကေတတွေနဲ့ ပတ်သက်လို့ အရေးယူဆောင်ရွက်နိုင်တဲ့အရာ တစ်ခုလည်း မဟုတ်ပါဘူး။ ဖခင်ဖြစ်သူ အိုစမာဘင်လာဒင် ၉/၁၁ တိုက်ခိုက်မှုကို အကွက်ချစီစဉ်ခဲ့ချိန်တုန်းက ဟမ်ဇာဘင်လာဒင်ဟာ ကလေးအရွယ်သာရှိပါသေးတယ်။ ဒါပေမယ့် အဲဒီကိစ္စတွေကို ပြင်ဆင်ခဲ့ချိန်မှာ ဖခင်ဖြစ်သူရဲ့ဘေးမှာ ၎င်းရှိနေခဲ့တယ်လို့ အစွန်းရောက်အဖွဲ့တစ်ဖွဲ့ရဲ့ တစ်ဆင့်စကားကနေ ကြားသိခဲ့ရပါတယ်။

**တိတ်ဆိတ်စေ**

အမေရိကကို မုန်းတီးဖို့ မွေးဖွားလာခဲ့တဲ့ သားတစ်ယောက်အတွက်ကတော့ အထူးတပ်ဖွဲ့ဝင်တွေရဲ့ လက်ထဲမှာ သုတ်သင်သတ်ဖြတ်ခံရမယ့် သေခြင်းမျိုးဟာ မေ့ဖျောက်မရနိုင်အောင် စွဲထင်နေမယ့် ကိစ္စမျိုးဖြစ်နေနိုင်ပါတယ်။ မကြာသေးခင်နှစ်တွေအတွင်းမှာတင် ၎င်းဟာအမေရိကန်နဲ့ ၎င်းရဲ့မဟာမိတ်တွေကို တိုက်ခိုက်ဖို့တိုက်တွန်းတဲ့ အွန်လိုင်းမက်ဆေ့ချ်တွေ ပေးပို့ခဲ့ပါသေးတယ်။

အကယ်၍များ ဟမ်ဇာဘင်လာဒင်ရဲ့သေဆုံးမှုကို အမှန်တကယ် အတည်ပြုလိုက်မယ်ဆိုရင် အယ်လ်ခိုင်ဒါအဖွဲ့ရဲ့ အသံကို ဟစ်ကြွေးဖို့ ကိုယ်စားပြု ထွက်ပေါ်လာခဲ့တဲ့ တစ်ယောက်သောသူကို တိတ်ဆိတ်သွားစေခဲ့ပြီလို့ မှတ်ယူရတော့မှာပါပဲ။ သို့သော်လည်းပဲ ၎င်းသေဆုံးသွားသည့်တိုင်အောင် အဲဒီသေဆုံးခြင်းက ကမ္ဘာ့အဆိုးရွားဆုံးအဖြစ် မှတ်တမ်းဝင်ခဲ့တဲ့ အကြမ်းဖက်တိုက်ခိုက်မှုကို လုပ်ဆောင်ခဲ့တဲ့ အကြမ်းဖက်အဖွဲ့အစည်းတစ်ခုရဲ့ ခြိမ်းခြောက်မှုအန္တရာယ်ကို အဆုံးသတ်စေဦးမှာ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဝမ်းနည်းစရာ အတိတ်ဆိုးတစ်ခုအဖြစ်နဲ့ အရိပ်လိုလိုက်နေဆဲဖြစ်လို့ပါပဲ။

**ကိုးကား-အေအက်ဖ်ပီ၊ ဘီဘီစီ**

> “ ဟမ်ဇာဘင်လာဒင်ရဲ့ သေဆုံးမှုကို အမှန်တကယ်အတည်ပြုလိုက်မယ်ဆိုရင် အယ်လ်ခိုင်ဒါအဖွဲ့ရဲ့ အသံကို ဟစ်ကြွေးဖို့ ကိုယ်စားပြုထွက်ပေါ်လာခဲ့တဲ့ တစ်ယောက်သောသူကို တိတ်ဆိတ်သွားစေခဲ့ပြီလို့ မှတ်ယူရတော့မှာပါပဲ။ သို့သော်လည်းပဲ ၎င်းသေဆုံးသွားသည့်တိုင်အောင် အဲဒီသေဆုံးခြင်းက ကမ္ဘာ့အဆိုးရွားဆုံးအဖြစ် မှတ်တမ်းဝင်ခဲ့တဲ့ အကြမ်းဖက်တိုက်ခိုက်မှုကို လုပ်ဆောင်ခဲ့တဲ့ အကြမ်းဖက်အဖွဲ့အစည်းတစ်ခုရဲ့ ခြိမ်းခြောက်မှုအန္တရာယ်ကို အဆုံးသတ်စေဦးမှာ မဟုတ်ပါဘူး ”

# လျှော့ချရေးစီမံချက် စာအုပ်မိတ်ဆက်

# ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးစီမံချက် စာအုပ်မိတ်ဆက်

**ရန်ကုန် ဩဂုတ် ၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးစီမံချက် စာအုပ်မိတ်ဆက်ခြင်းကို ဇူလိုင်လနောက်ဆုံးပတ်က ရန်ကုန်မြို့ရှိ Novotel Hotel ၌ ပြုလုပ်ရာ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က "ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှုနဲ့ တုံ့ပြန်ရေး စီမံချက် စာအုပ်ပြုစုနိုင်မှုနဲ့ ပတ်သက်ပြီး ထုတ်ပြန်ကြေညာချက်ကို ဆောင်ရွက်ဖို့အတွက် အခမ်းအနားကို ကျင်းပရတာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွက် အရေးပေါ်အခြေအနေတစ်ခု ဖြစ်ပေါ်လာတဲ့အခါ ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ဖို့အတွက် ကြိုတင်စီမံချက်တွေကို ပြုစုဆောင်ရွက်နိုင်တာဟာ ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ပြည်သူတွေအတွက် ကောင်းမွန်တဲ့ ဆောင်ရွက်မှုတစ်ခုဖြစ်ပါတယ်။ ဒီဆောင်ရွက်မှုကို UNDP နဲ့ မိတ်ဖက်အဖွဲ့အစည်းတွေဘက်ကနေ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးတဲ့အတွက်လည်း အထူးပဲ ကျေးဇူးတင်ပါတယ်။ ထုတ်ပြန်ကြေညာလိုက်တဲ့ စီမံချက်စာအုပ်မှတစ်ဆင့် ပြည်သူလူထုအား ဘေးနဲ့ပတ်သက်ပြီး အသိပညာတွေ၊ ကြိုတင်စဉ်းစားတွေးခေါ် ဆောင်ရွက်ထားမှုတွေ၊ အချင်းချင်းကြားမှာ ညှိနှိုင်းတိုင်ပင်မှုတွေ ဖြစ်စေချင်ပါတယ်"ဟု ပြောကြား သည်။

ဆက်လက်၍ European Union Civil Protection and Humanitarian Aid Commission (ECHO) ၏ Technical Expert ဖြစ်သူ Mr. Julien Buha Collette နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ Deputy Resident Representative ဖြစ်သူ Ms. Dawn Del Rio တို့က ဘေးအန္တရာယ် တုံ့ပြန်ရေးစီမံချက်စာအုပ် ဝိုင်းဝန်းဆောင်ရွက်ခဲ့မှုအကြောင်းကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးမင်းသိန်းက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးထံသို့ လုပ်ငန်းကော်မတီ ၁၂ ခုအတွက် ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးစီမံချက်စာအုပ်များကို လွှဲပြောင်းပေးအပ်ခဲ့သည်။

**ဆန်းကျော်ဦး ( ပြန် / ဆက်)**



စာအုပ်မိတ်ဆက်ပွဲ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ပြခန်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။

# ကျွန်းလှမြို့ သဖန်းဆိပ်ဆည်တွင် ရေချိုပုစွန်နှင့် ငါးမျိုးစိတ်များ စိုက်ထည့်

**မုံရွာ ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့ သဖန်းဆိပ်ဆည်တွင် ယမန်နေ့က ရေချိုပုစွန်နှင့် ငါးမျိုးစိတ်များ စိုက်ထည့်ခြင်း အခမ်းအနား ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင်နှင့် ဇနီး ဒေါ်တင့်တင့်၊ ပြည်နယ်ဝန်ကြီးများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ပြီး သဖန်းဆိပ်ဆည်အတွင်းသို့ ရေချိုပုစွန်ကောင်ရေ ၄၀၀၀ နှင့် ထိုင်းငါးခုံးမ၊ ငါးမြစ်ချင်း၊ ငါးသလောက်၊ ငါးပြေမ စသည့် ငါးမျိုးအကောင်ရေ တစ်သိန်း၊ ရေချိုပုစွန်နှင့် ငါးမျိုးစိတ်များ ကောင်ရေ တစ်သိန်းလေးထောင်ကို စိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့သည် ရွှေဘို-ကန့်ဘလူ-ကျွန်းလှမြို့နယ် လမ်းတစ်လျှောက် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လမ်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး အလေးထားဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။ **ထွန်းကိုကို(ယင်းမာပင်)**

# အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်

**တောင်ကြီး ဩဂုတ် ၁**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ် အေးသာယာမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ခြင်းကို ယမန်နေ့က အ.ထ.က (စက်မှုဇုန်) အေးသာယာမြို့၌ ကျင်းပသည်။

ဖွင့်ပွဲကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးဝင်းမောင်၊ စက်မှုဇုန်စီမံခန့်ခွဲရေးဥက္ကဋ္ဌ ဦးဝင်းသော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်နှင့် ပညာရေးကဏ္ဍကို အထူးအလေးပေးပြီး အမျိုးသားပညာရည်မြင့်မားရေးလုပ်ငန်းများကို အစီအစဉ်ချမှတ်၍ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေး၊ နိုင်ငံသားတိုင်း အခြေခံပညာကို မူလတန်းအဆင့်မှ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် ပညာရပ်များဖြင့် အဆင့်ဆင့် သင်ကြားခွင့်ရရှိနိုင်ရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပညာရေးအဆင့်အတန်း တိုးတက်မြင့်မားလာစေရေး အတွက် ဆောင်ရွက်လျက်ရှိရာ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် တောင်ကြီးမြို့နယ်အတွင်း အထက (ခွဲ)မှ အထက အဆင့်သို့ တစ်ကျောင်း၊ အလက မှ အထက (ခွဲ)အဆင့်သို့ လေးကျောင်း၊ အလက(ခွဲ)မှ အလက အဆင့်သို့ ခုနစ်ကျောင်း၊ မူလတန်းလွန်မှ အလက (ခွဲ) အဆင့်သို့ ၁၂ ကျောင်း၊ အမက မှ မူလတန်းလွန်အဆင့်သို့ ခုနစ်ကျောင်း၊ အမက (ခွဲ) မှ အမက အဆင့်သို့ တစ်ကျောင်း စုစုပေါင်း ၃၂ ကျောင်းကို အဆင့်တိုးမြှင့်ပေးခဲ့ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၏ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကကျသော ဆရာ ဆရာမများက ပညာရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ထိရောက်စွာ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်နှင့် မိမိတို့၏ ကျောင်းဂုဏ်သတင်းများ တိုးတက်လာအောင် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ မိဘဆရာအသင်းများနှင့် ရပ်မိရပ်ဖများ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် ပြောကြားသည်။



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

အလှူရှင်များအား ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ အထက (စက်မှုဇုန်) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်က ဖွင့်ပွဲအထိမ်းအမှတ်အလံနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

# မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီး၌ ရာသီတုပ်ကွေးရောဂါကုသပေးနေမှုအခြေအနေ ကချင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား ဩဂုတ် ၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှု အခြေအနေနှင့် ပြည်သူ့ဆေးရုံကြီး ကလေးကုသဆောင်အတွင်း ကလေးလူနာများပြားလာမှုကြောင့် သန့်ရှင်းရေးနှင့် ရေလုံလောက်စွာရရှိရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇူလိုင်လ နောက်ဆုံးပတ်က သွားရောက်ကြည့်ရှုသည်။

မြစ်ကြီးနားပြည်သူ့ဆေးရုံကြီးအစည်းအဝေးခန်းမ၌ ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာအေးသိန်းနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာဘုန်းမော်တို့က ပြည်သူ့ဆေးရုံကြီးအတွင်း ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် ဆေးဝါးကုသပေးနေမှုများ၊ အသိပညာပေးလုပ်ငန်းများနှင့် ရပ်ကွက် / ကျေးရွာအုပ်စုများအလိုက် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်နိုင်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့အစိုးရအဖွဲ့မှာ လိုအပ်ချက်များအပေါ် ဖြည့်ဆည်းကူညီပံ့ပိုးလျက်ရှိကြောင်း၊ ရာသီတုပ်ကွေးရောဂါအတွက် ဆေးဝါးကုသမှုလုပ်ငန်းများ ဆောင်ရွက်နေသကဲ့သို့ ပြည်သူများအကြား အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်နိုင်ရေး စီမံဆောင်ရွက်သွားကြရန်လိုကြောင်း တိုက်တွန်းမှာကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆေးရုံကြီးအတွင်း ကလေးလူနာများအတွက် အာဟာရကျွေးမွေးနိုင်ရေးအတွက် ငွေကျပ်သိန်း ၂၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဆေးရုံကြီးအတွင်း၌ ကလေးလူနာ များပြားမှုကြောင့် ကလေးကုသဆောင်အပြင် အရိုးကုသဆောင်၊ ကင်ဆာကုသဆောင်များ၌ ကလေးလူနာများထား၍ ဆေးဝါးကုသပေးနေမှုအခြေအနေများနှင့် လူနာများအား လိုက်လံကြည့်ရှုအားပေးခဲ့ပြီး ကလေးကုသဆောင်အတွင်း သန့်ရှင်းရေး၊ ရေနှင့် အိမ်သာလုံလောက်မှုရှိစေရေးတို့အတွက် ယာယီဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် ဆေးရုံကြီးအတွင်း ကလေးလူနာများအတွက် အာဟာရကျွေးမွေးနိုင်ရေး အလှူငွေပေးအပ်စဉ်။

# အသေးစား ငါးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

**ဘားအံ ဩဂုတ် ၁**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ အသေးစားငါးမွေးမြူရေးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် Lift ၏ ပံ့ပိုးမှုဖြင့် Worldfish၊ DOF၊ NGO (NAG၊ FRET၊ PACT) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော My Culture Project ၏ လုပ်ငန်းရပ်များကို ဇူလိုင်လနောက်ဆုံးပတ်က ခွယ်ကဘောင်ဟိုတယ်၌ တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် နေပြည်တော်တို့ရှိ မြို့နယ် ၁၆ မြို့နယ်မှ Project ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက အမှာစကားပြောကြားကာ My Culture Project မှ တာဝန်ရှိသူတစ်ဦးက Project အကြောင်း ရှင်းလင်းပြောကြားသည်။

My Culture Projectသည် ကရင်ပြည်နယ်အတွင်း၌ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ စတင်၍ ကျေးရွာနှစ်ရွာ၊ ငါးမွေးတောင်သူ ၂၂ ဦးဖြင့် စတင်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ငါးမွေးတောင်သူ ၁၈ ဦး ထပ်တိုး၍ စုစုပေါင်းတောင်သူ ၄၀ ကို Project ၏ စီမံကိန်းအဖြစ် ရွေးချယ်ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် ငါးမွေးတောင်သူများအတွက် ငါးခုံးမကြီး ၆၇၀၀ ၊ ငါးမြစ်ချင်း ၁၅၀၅၀ ၊ ရွှေဝါငါးကြင်း ၁၅၉၀ နှင့် ငါးအစာ (ဖွဲနု) အိတ် ၁၁၀ ကို ထောက်ပံ့ပေးခဲ့ကြောင်း၊ အလားတူ ၂၀၁၉ ခုနှစ်တွင်လည်း ငါးခုံးမကြီး ၁၅၄၅၉ ကို ထည့်သွင်းထားပြီးဖြစ်ကြောင်း၊ နည်းပညာပံ့ပိုးပေးခြင်းအနေဖြင့် တောင်သူများအား ငါးမွေးမြူရေး အခြေခံသင်တန်း လေးကြိမ် ပို့ချပေးခဲ့ကြောင်း၊ အသေးစားငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် မိသားစုဝင်ငွေများရရှိပြီး အာဟာရဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

# နေပြည်တော် ရေဆင်း၌ မြန်မာ-ကိုရီးယား အဆင့်မြင့်ဆန်စက် ဖွင့်လှစ်



**နေပြည်တော် ဩဂုတ် ၁**
ကိုရီးယားသမ္မတနိုင်ငံ MAFRA ၏ ကူညီထောက်ပံ့မှုဖြင့် နေပြည်တော် ရေဆင်း၌ တည်ဆောက်ပြီးစီးသော မြန်မာ-ကိုရီးယား အဆင့်မြင့်ဆန်စက် ဖွင့်ပွဲအခမ်းအနားကို ဇူလိုင်လ နောက်ဆုံးပတ်က အဆိုပါ ဆန်စက်၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် ကောင်စီဝင် ဦးအေးမောင်စိန်နှင့် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းတို့က အမှာစကားပြောကြားပြီး KRC (Korea Rural Community Corporation) မှ ကိုယ်စားလှယ်က စီမံကိန်းဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး KRC မှ ကိုယ်စားလှယ်က အဆင့်မြင့်ဆန်စက်ကို လွှဲပြောင်းပေးအပ်ရာ ညွှန်ကြားရေးမှူးချုပ်က လက်ခံယူပြီး နေပြည်တော် ကောင်စီဝင်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က KRC မှ ကိုယ်စားလှယ်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကြသည်။ ထို့နောက် တာဝန်ရှိသူတို့က ဆန်စက်အား လှည့်လည်ကြည့်ရှုကြသည်။ **(ယာအပေါ်ပုံ)**

ဆန်စပါးထုတ်လုပ်မှု ကွင်းဆက်တန်ဖိုးတိုးတက်လာခြင်းဖြင့် ဆန်စပါးထုတ်လုပ်မှုလုပ်ငန်းများ ခိုင်မာအားကောင်းလာစေရန်၊ ခေတ်မီရိတ်သိမ်းခြင်းနည်းပညာ၊ ခြောက်သွေ့လုံခြုံစွာ သိုလှောင်နိုင်မှုနှင့် အဆင့်မြင့်ဆန်စက်ဖြင့် ကြိတ်ခွဲမှုမှ ရရှိလာသော ဆန်အရည်အသွေးကြောင့် ဈေးကွက်ဝင်ဈေးကောင်းရနိုင်မှုကို တောင်သူများ လက်တွေ့ ခံစားနိုင်ကြစေရန်တို့ကို ရည်ရွယ်၍ အဆိုပါ ဆန်စက်ကိုဖွင့်လှစ်ခြင်းဖြစ်ပြီး အဆင့်မြင့် ဆန်စက်တွင် ရေဆင်းဆည် ရေသောက်ဧရိယာအတွင်းရှိ တောင်သူလယ်သမားများ စိုက်ပျိုးထွက်ရှိလာသော စပါးများကို အခြောက်ခံခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်းလုပ်ငန်းများအား စိုက်ပျိုးရေးဦးစီးဌာန၏ ထိန်းသိမ်းစီမံမှုဖြင့် ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

အဆိုပါ ဆန်စက်တည်ဆောက်ရေး စီမံကိန်းကို ၂၀၁၆-၂၀၁၇ ခုနှစ် မှ ၂၀၁၈-၂၀၁၉ ခုနှစ် အထိ သုံးနှစ်ကြာဆောင်ရွက်ခဲ့ကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံ MAFRA ၏ ကူညီထောက်ပံ့သည့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ သန်း အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆင့်မြင့်ဆန်စက်၏ စွမ်းအားမှာ ဟက်တာ ၃၀၀ မှ ၅၀၀ အထိ စိုက်ပျိုးထွက်ရှိလာမည့် စပါးတစ်ရာသီစာအတွက် လည်ပတ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဇူလိုင်မိုး**

# စီးပွားရေးလုပ်ငန်းတိုးချဲ့နိုင်ရန်နှင့် လုပ်ငန်းပိုမိုလည်ပတ်နိုင်ရန် SME CGI ချေးငွေမိတ်ဆက်

**ရန်ကုန် ဩဂုတ် ၁**
SME ချေးငွေများကို SME လုပ်ငန်းရှင်များ စီးပွားရေးလုပ်ငန်း တိုးချဲ့နိုင်ရန်နှင့် ငါးမွေးတောင်သူများ လုပ်ငန်းပိုမိုလည်ပတ်နိုင်ရန် CB Bank မှ ဇူလိုင်လ နောက်ဆုံးပတ်က ရန်ကုန်မြို့ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အဏ္ဏဝါသီရိခန်းမ၌ SME CGI ချေးငွေ မိတ်ဆက်ပွဲအခမ်းအနားကို ကျင်းပသည်။

SME လုပ်ငန်းရှင်များနှင့် ငါးမွေးတောင်သူများ SME CGI (Credit Guarantee Insurance) ချေးငွေလျှောက်ထားရာတွင် SME ကာလသတ်မှတ်ချေးငွေ၊ လုပ်ငန်းလည်ပတ်ချေးငွေ၊ ချေးငွေအာမခံချေးငွေ၊ လုပ်ငန်းတိုးချဲ့ချေးငွေနှင့် ရင်းနှီးမြှုပ်နှံမှုချေးငွေဟူ၍ ချေးငွေငါးမျိုးကို ချေးသွားမည်ဖြစ်သည်။

ချေးငွေကို SME CGI ချေးငွေ၊ CB-KfWချေးငွေနှင့် SME Term ချေးငွေပုံစံတို့ဖြင့် လျှောက်ထားနိုင်ပြီး တစ်နှစ်မှ သုံးနှစ်အထိကာလလတ်နှင့် ကာလရှည်ချေးငွေနှင့် အသေးစားလုပ်ငန်းများအတွက် သက်သာသော အတိုးနှုန်းထားဖြင့် ချေးငွေပမာဏငွေကျပ်သိန်း ၁၀၀၀ အထိ လျှောက်ထားနိုင်ကာ အလတ်စားလုပ်ငန်းအတွက် ငွေကျပ်သိန်း ၆၅၀၀ အထိ လျှောက်ထားနိုင်ကြောင်း သိရသည်။

အခမ်းအနားတွင် SME များမှ TSL (Two Step Loan) ချေးငွေလျှောက်လွှာကို ဘဏ်တစ်ခုတည်းသာ လျှောက်ထားနိုင်ပြီး အိမ်ခြံမြေလုပ်ငန်းများ၊ ငွေကြေး၊ ဘဏ္ဍာရေးနှင့် အာမခံဆိုင်ရာလုပ်ငန်းများ၊ အဖိုးတန်စိန်၊ ရွှေ၊ ရတနာ ထုတ်လုပ်ရောင်းဝယ်ရေး လုပ်ငန်းများ၊ အရက်ဆိုင်၊ အဖျော်ယမကာ ကောင်တာနှင့် ထုတ်လုပ်ရောင်းဝယ်ရေး လုပ်ငန်းများ၊ လက်နက်၊ ခဲယမ်းမီးကျောက် ထုတ်လုပ်ရောင်းဝယ်ရေး လုပ်ငန်းများ၊ လယ်သမားများ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ကို ထိခိုက်စေနိုင်သော လုပ်ငန်းများနှင့် ပရောဂျက်များအနေဖြင့် ချေးယူနိုင်သော သတ်မှတ်ချက်တွင် မပါဝင်ကြောင်း၊ လယ်ယာပိုင်ဆိုင်သောသူများကို လယ်သမားဟု သတ်မှတ်ပြီး လယ်သမားမဟုတ်သော SME လုပ်ငန်းရှင်များသည် ဆန်စက်၊ ဆီစက်၊ အစားအသောက်ထုတ်လုပ်ခြင်းလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် ဆက်နွှယ်သော လုပ်ငန်းများအတွက် TSL ချေးငွေကို လျှောက်ထားနိုင်ကြောင်း SME CGI ချေးငွေနှင့် စပ်လျဉ်း၍ CB Bank မှ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သန်းထိုက်**



**မိုးကုတ်မြို့နယ် အထက (၁) ကျောင်းကြီး၌ မိုးကုတ်မြို့နယ် မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့များက ငလျင်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ပွဲကို ဇူလိုင် ၃၁ ရက်က ကျင်းပစဉ်။** (အဆိုပါ သရုပ်ပြလေ့ကျင့်ပွဲတွင် မိုးကုတ်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးနန္ဒထွန်းနိုင်၊ မြို့နယ်အရန် မီးသတ်တပ်ဖွဲ့မှ ဒုတပ်ရင်းမှူးဦးသာဌေး၊ ပြင်ဦးလွင်ခရိုင်ဦးစီးမှူး တတိယတန်း ဦးသိန်းဇော်ဦးနှင့် မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့ဝင်များ စုစုပေါင်း ၃၀ တို့သည် ခေတ်မီသံတိုင်ဖြတ်စက်၊ သစ်သားဖြတ်စက်များ၊ ကယ်ဆယ်ရေးလုပ်ငန်းသုံး ပစ္စည်းများကို သရုပ်ပြအသုံးပြုခြင်း၊ ဒဏ်ရာရလူနာများအား ရှေးဦးသူနာပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။)

ကျော်ဇေယျာမြင့် ( မိုးကုတ်)

## ဖြည့်စွက်ဖတ်ရှုပါရန်

ဇူလိုင်လ ၂၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ ကျောဖုံးပါ "လွိုင်ကော်မှ အင်းလေးကန်အထိ ရေလမ်းခရီးသွားလာသူ ပိုမိုများပြားလာ" သတင်းတွင် "ခရီးစဉ်အစက မိုးဗြဲမွေတော်ဓာတ်စစ်ဘုရားကနေ လေ့စစီးပါတယ်။ မိုးဗြဲရေကာတာအထိ ၁၅ မိနစ် ကြာပါတယ်။ ရေကာတာအတွင်း ဖြတ်သန်းချိန် ၄၅ မိနစ်ကြာပါတယ်။ တံခါးသုံးချပ် ရေအကန့် နှစ်ကန့် ဖြတ်သန်းရပါတယ်၊ မိုးဗြဲရေကာတာမှ ဖယ်ခုံအင်းအထိ ၄၅ မိနစ်ကြာပါတယ်၊ ဖယ်ခုံမှ အင်းလေးအထိ ၅ နာရီကြာပါတယ်"ဟု ကယန်းအလှခရီးသွားလုပ်ငန်းမှ ဦးသန်းထွေးက ပြောကြားပါသည်ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

**ကယားပြည်နယ် (ပြန်/ဆက်သတင်းအဖွဲ့သားများ)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁-၈-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၄၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၄၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၄၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၄၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၆၀/၉၀၅ ကျပ် | ၉၁၀/၉၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀/၉၁၅ ကျပ် | ၉၂၅/၉၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၆၀/၈၀၅ ကျပ် | ၈၃၅/၈၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၈၉၅ ကျပ် | ၉၄၀/၉၅၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၃ · ၁ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၇၁ · ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၀၀ · ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၃၃ · ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၈၇· ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၃၆ · ၉ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၉ · ၂၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၉၁၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၇ · ၃၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၅ · ၀၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ · ၀၀၇ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

**စတော့အိတ်ချိန်း ဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၁၀၀၀ | ၂၉၇၅ | ၃၂၇၂၅၀၀၀ |
| MTSH | ၃၄၀၀ | ၃၄၀၀ | ၆၆၇၅ | ၂၂၆၉၅၀၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၂၃၉ | ၁၉၁၂၀၀၀ |
| FPB | ၂၄၅၀၀ | ၂၄၅၀၀ | ၆၁၅ | ၁၅၀၆၇၅၀၀ |
| TMH | ၂၉၅၀ | ၃၀၀၀ | ၂၃၁၈ | ၆၈၄၈၁၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၆) ကြိမ်မြောက် ကျပ်၁၀၀၀တန်ထီပေါက်စဉ် ၂၀၁၉ ခုနှစ်၊ ဩဂုတ် လ (၁) ရက်နေ့ *အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၁၅၀၀၀) ဆု

မ - ၇၁၄၂၉၁

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

ကက - ၉၈၆၅၄၅

## ဆုကြီးတစ်ဆုစီ ကျပ်သိန်း(၅၀၀၀)ဆုများ

ပ - ၃၁၂၀၇၅ င - ၆၄၈၄၉၆

### ဆုကြီးတစ်ဆုစီ ကျပ်သိန်း(၂၀၀၀)ဆုများ

ဓ - ၆၃၂၄၅၀
န - ၈၂၈၇၆၁
င - ၈၄၁၁၂၇

### ဆုကြီးတစ်ဆုစီ ကျပ်သိန်း(၁၀၀၀)ဆုများ

| | |
|---|---|
| ပ - ၃၁၈၉၄၉ | ည - ၅၄၇၃၈၆ |
| အ - ၃၃၉၉၈၁ | ဆ - ၈၂၅၀၆၈ |
| ထ - ၃၇၂၆၀၁ | ရှ - ၉၄၄၉၈၀ |

### ဆုကြီးတစ်ဆုစီ ကျပ်သိန်း(၅၀၀)ဆုများ

| | |
|---|---|
| ထ - ၁၅၅၉၂၅ | ဗ - ၄၄၂၇၉၀ |
| ဋ - ၂၂၈၅၂၇ | ဃ - ၄၈၃၉၆၀ |
| ရ - ၂၄၆၉၇၈ | ပ - ၅၉၉၉၉၈ |
| ဍ - ၂၈၃၅၈၂ | ဍ - ၆၄၃၁၆၁ |
| ပ - ၃၄၆၂၄၅ | ဖ - ၇၉၇၈၉၆ |
| လ - ၄၁၈၄၂၈ | လ - ၉၇၅၈၀၆ |

### ဆုတစ်ဆုစီ ကျပ်သိန်း(၂၀၀)ဆုများ

| | | |
|---|---|---|
| စ - ၁၂၉၈၁၀ | ဋ - ၄၇၆၉၀၇ | တ - ၆၅၇၃၅၄ |
| ဟ - ၂၄၈၉၉၃ | င - ၅၀၅၄၆၇ | ဓ - ၇၆၂၄၉၄ |
| ဘ - ၂၅၇၂၃၃ | ကဂ - ၅၅၇၁၁၂ | အ - ၈၃၅၂၉၆ |
| ကဂ - ၂၆၇၃၂၄ | ပ - ၅၅၉၉၃၃ | ဓ - ၈၉၆၉၆၇ |
| ဍ - ၂၉၃၄၇၂ | ဝ - ၆၀၈၉၂၆ | ပ - ၈၉၇၂၁၅ |
| ခ - ၄၃၇၃၄၀ | ဏ - ၆၁၇၁၁၇ | |

### ဆုတစ်ဆုစီ ကျပ်သိန်း(၁၀၀)ဆုများ

| | | |
|---|---|---|
| ဂ - ၁၃၆၉၄၁ | လ - ၂၈၈၀၁၅ | ဆ - ၅၇၇၄၂၈ |
| ဗ - ၁၄၈၁၆၉ | ဗ - ၃၀၀၄၁၇ | ရှ - ၆၅၃၁၈၄ |
| ဍ - ၁၆၃၂၀၅ | ပ - ၃၀၆၅၂၈ | ကခ - ၈၀၆၂၃၀ |
| မ - ၁၇၀၂၉၆ | ဂ - ၃၃၉၀၇၄ | ဃ - ၈၁၈၆၀၂ |
| ပ - ၂၆၉၇၁၁ | ရှ - ၃၅၇၆၆၄ | တ - ၈၃၉၃၂၆ |
| ဓ - ၂၈၁၆၇၉ | ဗ - ၃၆၃၁၉၀ | ထ - ၈၄၆၈၀၅ |
| စ - ၂၈၃၇၇၈ | ဌ - ၄၂၉၁၀၄ | |

### ဆုတစ်ဆုစီ ကျပ်သိန်း(၅၀)ဆုများ

| | | | | |
|---|---|---|---|---|
| ည - ၁၀၄၉၇၅ | ခ - ၃၅၇၂၀၈ | စ - ၄၉၂၉၂၂ | သ - ၆၇၂၂၄၅ | ဌ - ၈၄၀၅၃၃ |
| ဍ - ၁၀၅၄၈၂ | ဌ - ၃၈၀၆၂၉ | ရ - ၅၀၉၇၉၆ | ဗ - ၆၈၇၀၅၉ | |
| ခ - ၁၈၆၂၁၀ | ကဂ - ၃၉၃၃၃၀ | ကဂ - ၆၁၇၉၇၃ | င - ၇၄၅၃၇၁ | |
| ဓ - ၂၈၆၇၉၇ | ဂ - ၄၅၄၅၉၈ | ဌ - ၆၃၃၇၇၆ | ထ - ၇၈၃၈၁၇ | |
| အ - ၂၈၉၇၀၂ | ဖ - ၄၆၇၀၁၉ | ဈ - ၆၅၃၂၄၈ | ဒ - ၈၁၇၉၂၆ | |

### ဆုတစ်ဆုစီ ကျပ်သိန်း(၂၀)ဆုများ

| | | | | |
|---|---|---|---|---|
| ရှ - ၁၂၄၃၁၆ | ဃ - ၃၆၀၀၁၈ | ယ - ၅၄၉၅၄၅ | အ - ၆၇၂၉၀၀ | ဈ - ၉၁၆၁၄၂ |
| အ - ၁၇၂၆၅၀ | စ - ၃၈၅၂၄၂ | ဒ - ၆၃၅၂၇၁ | က - ၇၀၃၅၂၇ | ဇ - ၉၈၈၅၈၈ |
| ဒ - ၂၂၃၇၈၄ | မ - ၄၄၂၅၇၅ | ယ - ၆၃၉၂၅၀ | ဇ - ၇၇၀၇၀၅ | ဂ - ၉၈၈၇၂၉ |
| စ - ၂၅၀၂၈၃ | ကက - ၄၈၄၇၀၁ | ဂ - ၆၅၅၄၄၄ | ဓ - ၈၄၇၇၄၀ | |
| ဏ - ၂၉၄၃၉၈ | ဋ - ၅၁၃၈၁၅ | သ - ၆၇၂၅၆၈ | ဇ - ၈၈၀၆၀၂ | |

### ဆုတစ်ဆုစီ ကျပ်(၁၀)သိန်းဆုများ

| | | | | | |
|---|---|---|---|---|---|
| ရှ - ၁၀၈၆၂၉ | ဒ - ၂၃၁၀၀၇ | ဌ - ၃၅၆၄၂၆ | ဓ - ၄၃၂၂၂၈ | ရှ - ၆၄၁၆၆၆ | ရှ - ၈၅၂၉၇၀ |
| ဗ - ၁၁၃၂၅၅ | ရ - ၂၃၈၉၀၂ | က - ၃၉၂၅၈၇ | ကခ - ၅၂၁၃၉၀ | သ - ၆၈၄၈၀၇ | ဇ - ၈၉၈၆၀၁ |
| င - ၁၆၂၇၁၅ | ရ - ၂၈၀၆၈၅ | ဌ - ၃၉၃၇၃၆ | ဆ - ၅၇၁၃၆၇ | လ - ၆၈၈၅၇၀ | ကခ - ၉၁၃၇၁၇ |
| သ - ၂၁၃၅၅၄ | ဍ - ၃၁၅၄၅၈ | ဋ - ၄၁၆၅၄၄ | ရှ - ၅၉၅၅၄၉ | ဓ - ၈၂၀၆၇၁ | ကဂ - ၉၆၄၇၀၇ |

## ဆုတစ်ဆုချင်း ကျပ်(၅)သိန်းဆုများ

| | | | | |
|---|---|---|---|---|
| င - ၁၃၇၄၅၅ | ကက - ၂၉၀၂၄၂ | ဍ - ၃၅၂၀၉၉ | စ - ၆၀၆၁၆၆ | ဂ - ၇၄၅၆၄၇ |
| ယ - ၁၉၄၁၉၅ | စ - ၃၀၃၇၂၆ | ဋ - ၅၃၀၁၆၃ | ကက - ၆၇၈၉၄၁ | ဒ - ၇၇၀၉၀၁ |
| ဋ - ၂၂၄၀၂၂ | ယ - ၃၀၃၉၆၆ | က - ၅၅၇၂၃၆ | က - ၆၈၈၆၈၃ | ဖ - ၈၁၀၂၃၆ |
| မ - ၂၅၅၀၄၁ | န - ၃၁၈၉၈၂ | အ - ၅၈၇၆၄၁ | ဋ - ၇၁၁၂၂၃ | အ - ၈၆၀၀၁၃ |
| တ - ၂၆၉၆၁၃ | င - ၃၄၂၆၇၀ | ဈ - ၅၈၉၂၀၄ | ဈ - ၇၁၅၄၉၂ | ဈ - ၈၈၅၁၁၅ |

# ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

## ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

| | | |
|---|---|---|
| ခ - ၁၁၁၇၆ | ဟ - ၃၀၉၈၅ | န - ၆၆၉၆၅ |
| ယ - ၁၆၀၆၄ | င - ၃၇၇၂၈ | ဠ - ၇၂၀၇၄ |
| ဏ - ၁၉၃၈၇ | ဘ - ၅၁၁၀၁ | ကက - ၇၄၄၂၃ |
| ဂ - ၂၅၂၃၃ | င - ၅၈၈၄၉ | ကဂ - ၇၄၅၃၁ |
| ဇ - ၃၀၈၇၂ | ဟ - ၆၁၆၂၅ | က - ၈၃၈၄၉ |

အက္ခရာနှင့် ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

| | | |
|---|---|---|
| စ - ၁၈၇၈ | က - ၄၂၉၉ | ခ - ၇၆၅၈ |
| လ - ၂၁၈၄ | ပ - ၄၄၉၀ | ဇ - ၇၇၇၃ |
| ဒ - ၂၆၅၄ | င - ၄၆၇၆ | ဂ - ၉၃၆၂ |
| လ - ၃၉၆၃ | ဟ - ၇၂၇၇ | ယ - ၉၅၆၅ |
| န - ၄၂၀၅ | ခ - ၇၅၄၄ | အ - ၉၇၉၇ |

အက္ခရာနှင့် ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

| | | |
|---|---|---|
| ဍ - ၁၁၁ | ယ - ၅၅၂ | ရ - ၇၆၆ |
| န - ၁၂၄ | သ - ၅၈၄ | ဍ - ၇၇၄ |
| ယ - ၁၄၁ | ဖ - ၆၂၀ | ကဂ - ၈၈၀ |
| ယ - ၂၂၅ | ဗ - ၆၈၅ | ဂ - ၉၀၃ |
| ဝ - ၃၂၀ | ပ - ၇၁၃ | င - ၉၀၅ |
| ဋ - ၄၅၇ | စ - ၇၃၁ | ဟ - ၉၉၂ |

အက္ခရာနှင့် ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ

| | | |
|---|---|---|
| ဇ - ၁၂ | ည - ၄၃ | စ - ၆၈ |
| လ - ၁၆ | တ - ၄၈ | ဗ - ၇၈ |
| က - ၁၈ | ကခ - ၅၀ | ဆ - ၈၆ |
| တ - ၂၀ | တ - ၅၂ | တ - ၈၉ |
| လ - ၃၅ | ဂ - ၅၂ | ဝ - ၉၁ |
| ဇ - ၃၇ | ခ - ၆၀ | လ - ၉၄ |
| ဂ - ၃၈ | | |

အက္ခရာနှင့် ဂဏန်း(၂)လုံး အစဉ်လိုက်တူ – ကျပ်(၅)သောင်း

# ဘဏ္ဍာသိမ်း ရငွေကျပ်သိန်း(၂၅၀၀)မှ ချီးမြှင့်သော ဆုမဲများ

## ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

ယ - ၁၅၇၃၈၇ ကဂ - ၁၆၈၉၇၀ ဗ - ၁၈၁၇၈၅ ဝ - ၄၀၂၀၀၆

# ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

## ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

အ - ၁၉၉၅၀ ပ - ၂၇၉၄၉

အက္ခရာနှင့် ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

ကဂ - ၁၄၀၄
ပ - ၅၁၈၁

အက္ခရာနှင့် ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

ဇ - ၁၆၂
ယ - ၇၃၅

အက္ခရာနှင့် ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

